# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၇ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်မှု (၂၈)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်) ၏ ၂၈ နှစ်မြောက် နှစ်ပတ်လည်နေ့ မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအစိုးရများနှင့် ပြည်သူများကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လွန်ခဲ့သည့် ၂၈ နှစ်က ယခုကဲ့သို့နေ့မျိုးတွင် ဗန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုး၍ ဘင်းမ်စတက်ကို တည်ထောင်ခဲ့ကြပြီး တန်းတူညီမျှမှုနှင့် မိတ်ဖက်ဆက်ဆံရေးကို အခြေခံသော လက်တွဲကြိုးပမ်းအားထုတ်မှုများဖြင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် ရည်ရွယ်သည့် အရေးကြီးသော ပလက်ဖောင်းတစ်ခု အစပြုခဲ့ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အရာရှိ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၆

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြစဉ်။

❏ ***ရွှေဖုံးမှ***

ယနေ့တွင် ၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်ပင်များစိုက်ပျိုးခြင်းသည်**
**သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို**
**ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုကိုထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို လူတိုင်းကြိုက်နှစ်သက်ကြကြောင်း၊ သဘာဝက ပေးထားသည့် စိမ်းလန်းစိုပြည်မှုများ လူများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးကြစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

*စာမျက်နှာ ၃ မှ*

မိမိတို့အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ သစ်ပင်များစိုက်ပျိုးပေးကြခြင်းဖြစ်ပြီး တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ ၄၁ ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်ပင်စိုက်တစ်ပင်ရှင် စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာ”** ဆိုသည့်အတိုင်း အစကောင်းအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်ခဲ့ကြောင်း၊ ရေဝေရေလဲတောများရှိပါက ရေထိန်းသိမ်းမှုများကို ပိုမိုဆောင်ရွက်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ **“သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားခိုနိုင်သည်”** ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုများကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကို ခါးသီးစွာ ခံစားခဲ့ရကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှာ လူများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ကိုတတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာဖြင့် လေ့လာသိရှိနိုင်**

အသိပညာ၊ အတတ်ပညာများသည် စာအုပ်စာပေများ ဖတ်ရှုခြင်းအားဖြင့် ရရှိမည်ဖြစ်ပြီး မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ထိန်းသိမ်းရန်လိုအပ်မှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာဖြင့် လေ့လာသိရှိနိုင်ကြောင်း၊ မည်သည့်အရွယ်ပင်ဖြစ်စေ မိမိတို့တတ်နိုင်သမျှ စာအုပ်စာပေများကိုဖတ်ရှုခြင်းဖြင့် ဘဝအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်သောကြောင့် စာအုပ်စာပေများကို အမြဲမပြတ် ဖတ်ရှုလေ့လာကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင်ဖတ်ရှုသကဲ့သို့ မိမိတို့မိသားစုဝင်များ၊ မိမိတို့ကွပ်ကဲအုပ်ချုပ်ရသူများကိုလည်း စာအုပ်စာပေများဖတ်ရှုစေပြီး အသိပညာများ မျှဝေပေးကြစေလိုကြောင်း၊ အလားတူ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားစေရေး အခြေခံပညာမှစ၍ အဆင့်မြင့်ပညာများ သင်ကြားပြီးဆုံးသည်အထိ တက်ရောက်ကြစေရေး နိုင်ငံ၏တစ်ထောင့်တစ်နေရာမှ အားပေးလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**“ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့”**

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း အပင် ၉၀၀၊ ပျဉ်းကတိုး အပင် ၆၀၀၊ ပိတောက် အပင် ၃၀၀၊ မဟော်ဂနီ အပင် ၆၀၀ စုစုပေါင်း အပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၂ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၈၀၄၃ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၅၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၀၂၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၇၅၈ ပင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၌ ၁၁၉၂၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၇၇၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၅၇၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၀၉၄ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၈၂၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၄၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၀၄၁ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၇၅၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ အပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

မကြာသေးမီက ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့မှု၊ လေးစားရသော ဘင်းမ်စတက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများ၊ ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကြေညာစာတမ်း၊ ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ နှင့် ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုချမှတ်နိုင်ခဲ့မှုနှင့် မိမိတို့ဝန်ကြီးများက ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့မှုတို့ကို မိမိအနေဖြင့် ကျေနပ်စွာဖြင့် ဂုဏ်ယူစွာ ပြန်ပြောင်းအမှတ်ရမိပါသည်။ ဤအောင်မြင်မှုများသည် ဘင်းမ်စတက်လုပ်ငန်းစဉ်ကို ပြန်လည်အားဖြည့်ပေးပြီး ဘင်းမ်စတက်ကို အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့်တက်ကြွ၍ ရလဒ်ကိုအခြေပြုသည့် အဖွဲ့အစည်းအဖြစ် အသွင်ပြောင်းရန် လှုံ့ဆော်ပေးမည်ဟု ယုံကြည်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသ၏ ကြီးမားသောအလားအလာနှင့် မိမိတို့၏ ဘုံရည်မှန်းချက်များ ရရှိအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၏စွမ်းအားကို အမှတ်ရစေပါသည်။ မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ အပြန်အလှန်နားလည်မှုကို အားပေးရန်၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်သာယာဝပြောရေးကို မြှင့်တင်ရန်နှင့် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် ဤအခွင့်အရေးကို ဆုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဘုံစိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ပိုမိုခိုင်မာသော၊ ပိုမိုကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဘင်းမ်စတက်အသိုက်အဝန်းကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အား

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား လာရောက်တွေ့ဆုံ



**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ဘေးဒဏ်အပြီး ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပါဝင်ကူညီနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာ ကျောင်းနေအရွယ်သားသမီးများ ဒုတိယအကြိမ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်ရုံး၌ပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဝန်ထမ်းများအနေဖြင့် သားသမီးများအတွက် ပညာအမွေပေးနေကြခြင်းကို ကော်မရှင်က ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ ပညာသင်ယူခြင်းသည် အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေပြီး အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရရှိကြကာ ဘဝတန်ဖိုးကို မြင့်တက်စေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပညာသင်ယူခွင့်၊ ပညာသင်ကြားခွင့်တို့နှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာထားသည့်အပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသားတိုင်း ပညာသင်ကြားပိုင်ခွင့်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အမိနိုင်ငံတော်၏ ကျေးဇူးတရားကို သိရှိနားလည်ပြီး ပညာစွမ်းရည်ဖြင့် နိုင်ငံတော်ကို ပြန်လည်အလုပ်အကျွေးပြုနိုင်မည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြစေရန် ကြိုးစားစေလိုကြောင်းပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီး ၁၇ ဦးအား ပညာသင်စရိတ်များကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသားမိဘဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ဗဟန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများအား ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဗဟန်းမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက် ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာစိုး

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၆**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်မှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ၇-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

မိုး/ဇလ

*○ ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ်၂၈ ရက်က ရစ်(ခ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ယနေ့အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးပြီး ပြီးစီးသည့်အခြေအနေကို ပို၍ယုံကြည်စိတ်ချမှုရှိအောင်၊ ပြင်ဆင်ဆဲဆောင်ရွက်နေသည်များကို ရေရှည်တည်တံ့အောင်နှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် ကျန်ရှိသည့် လုပ်ငန်းများကို အချိန်ကာလအလိုက် ဆောင်ရွက်သွားရန်အတွက် ညှိနှိုင်းဆွေးနွေးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း။

**ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ယနေ့အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိကြောင်း၊ ထို့ပြင် နေအိမ်အဆောက်အအုံ ၆၃၀၀၀ ကျော်နှင့် စာသင်ကျောင်းများ၊ ဘုရားကျောင်း ကန်စေတီများ၊ လမ်းတံတားများ များစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ဘေးဒုက္ခခံစားခဲ့ရသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အမြန်ဆုံးကယ်ဆယ်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ငလျင်ဒဏ်ခံခဲ့ကြရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များကလည်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကို ကြည့်မည်ဆိုပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့ဝင် ၂၆၈၈ ဦးကို စေလွှတ်ခဲ့ကြောင်း၊ အစောဆုံးအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြောင်း။

ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီး အချိန်ပိုင်းအတွင်း နိုင်ငံတကာသို့ အကူအညီတောင်းခံမှု အကျိုးဆက်အဖြစ် ငလျင်ကြောင့် ဘေးဒုက္ခခံစားနေကြရပြီး ပိတ်မိနေကြသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ထောက်ပံ့ရေးပစ္စည်းများအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စာနာထောက်ထားမှုပစ္စည်းနှင့် ဆေးဝါး စုစုပေါင်း တန်ချိန် ၂၄၇၂ တန်ကို လေယာဉ်အစင်းပေါင်း ၁၀၀၊ ရေယာဉ်ပေါင်း ၈ စင်းနှင့် မော်တော်ယာဉ် ၂ စီးဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများနှင့် ဗဟုသုတများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်တို့က ရရှိခဲ့သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိစ္စရပ်ပင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသော နည်းပညာမြင့်မားသည့် ပစ္စည်းကိရိယာများ၏ သုံးစွဲပုံ၊ သုံးစွဲနည်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ရသည့်အတွက် အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ စွမ်းစွမ်းတမံအကူအညီများ ရရှိခဲ့သည့်အတွက် ငလျင်ကြောင့် ဘေးဒုက္ခခံစားရသူများကို အမြန်ဆုံး ကယ်ဆယ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကိုလည်း အမြန်ဆုံး ဆက်လက်ဆောင်ရွက်ကိုလည်း ကျေးဇူးတင်ရှိကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်ဘေးနှင့်ပတ်သက်၍လာရောက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများအလိုက် အဖွဲ့များကို အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးပို့ရေး လမ်းညွှန်ချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံများအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကိုလည်း ပေးအပ်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြုစုပေးပို့နိုင်ရေး လျာထားဆောင်ရွက်သွားရန်လိုကြောင်း။

ၾ¦င်းအပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ လှူဒါန်းသည့် စေတနာရှင်ပြည်သူများ၏ အလှူငွေများနှင့် ပစ္စည်းများရောက်ရှိလာသည့်အပေါ် မူတည်၍ ငလျင်ဒဏ်သင့်

> “ ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးသုံးခုမှ အခြေခံပညာအထက်တန်း Grade -12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၅၉၂၂ ဦးနှင့် ယင်းတို့ကို အနီးကပ် သင်ကြားပေးမည့် ဆရာ ဆရာမ ၆၇၂၉ ဦးတို့အတွက် Camp အတွင်း နေထိုင်စားသောက်ရေးစရိတ်များ၊ စာရေးကိရိယာဖြည့်ဆည်းပေးမှုစရိတ်များ၊ အဝေးမှ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ခရီးစရိတ်၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ်ဘီလီယံ ၂၀ ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုလတွင် ထောက်ပံ့ပေးခဲ့၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက်စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများပါဝင်၊ ငလျင်ဘေးသင့် ပြည်သူများ၏ နေအိမ်များပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှထောက်ပံ့ပေးရန် DMC မှ တွက်ချက်ထားပြီးဖြစ်၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိ၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည် ”

နိုင်ခဲ့ကြောင်း။

ယနေ့အထိ စာရင်းများအရ ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက လှူဒါန်းမှု ၄ ကြိမ်အတွင်း ငွေကျပ် ၁၄၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတကာမှ အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမှ ပြည်ပရောက် စေတနာရှင်များ လှူဒါန်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ကိုရီးယားဝမ် ၅ သန်း၊ အိန္ဒိယ ရူပီး ၁၆ သန်း၊ ထိုင်း ဘတ် ၂ သန်း၊ စင်ကာပူဒေါ်လာ ၃၁၅၀၊ တရုတ်ယွမ် ၇၀၀၊ သီရိလင်္ကာ ရူပီး ၂ သိန်းခွဲ၊ နီပေါ ရူပီး ၃၇၀၀၀၊ ဘင်္ဂလားဒေ့ရှ် တာကာ ၃၁၆၀၊ ဗီယက်နမ် ဒေါင် ၉၇၉၀၀၀၊ အင်ဒိုနီးရှား ရူပီး ၂၀၀၀၀၊ ကမ္ဘောဒီးယားရီရယ် ၇၁၆၅၀၀ ၊ လာအို ကစ် ၁ ဒသမ ၇ သန်းကျော်၊ ရုရှား ရူဘယ် ၂၆၃၀၀၀ ကျော် ရရှိခဲ့ကြောင်း။

**ကျေးဇူးတင်ရှိ**

ယခုကဲ့သို့ နိုင်ငံတကာ ကူညီကယ်ဆယ်ရေးနိုင်ငံ ၂၅ နိုင်ငံနှင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့သည့်နိုင်ငံ ၁၉ နိုင်ငံနှင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကယ်ဆယ်ရေး အဖွဲ့ဝင်များကို နိုင်ငံတော်ကိုယ်စား၊ ပြည်သူများကိုယ်စား၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ယခုအစည်းအဝေးတွင် ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံအတွင်း သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ချိန်များတွင် စာနာထောက်ထားမှုစေတနာမေတ္တာ အပြည့်အဝဖြင့် လှူဒါန်းပေးခဲ့ကြသည့် စေတနာရှင်ပြည်သူများ

ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် ညွှန်ကြားထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ရောက်ရှိလာသည့် ပစ္စည်းများကို စာရင်းများပြုစုပြီး ပွင့်လင်းမြင်သာမှုရှိစွာ စနစ်တကျဖြင့် ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုများကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယနေ့အထိရရှိသည့် ပြည်တွင်းအလှူရှင်များ၏ ငွေကျပ် ၁၄၄ ဘီလီယံကျော်နှင့် ပြည်ပအလှူရှင်များ၏ အမေရိကန်ဒေါ်လာ ၅ သန်းကျော်အပါအဝင် နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေထပ်မံထည့်ဝင်ပေးမှုနှင့် ငလျင်ဘေးသင့်ချိန် အရေးပေါ်ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ထည့်ဝင်ပေးထားကြောင်း။

**အိမ်များပျက်စီးမှုအလိုက် ထောက်ပံ့ပေးမည်**

ယနေ့အထိ သုံးစွဲပြီးသည့်ငွေ စုစုပေါင်း ငွေကျပ် ၂၆၄ ဒသမ ၆၅၆ ဘီလီယံရှိကြောင်း၊ ထိုသို့ သုံးစွဲရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၄၅ ခုမှ ဝန်ထမ်းနှင့် မှီခိုသူ ၁၃၀၀၀၀ ကျော်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ငါးပိ သုံးလစာထောက်ပံ့ခြင်း၊ ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများတွင် ယာယီကျောင်းဆောင်များပြုလုပ်ရန် ကြိုတင်ငွေများ ပေးအပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် အထူးအဆောက်အအုံများ ပြင်ဆင်နိုင်ရန် ပေးအပ်ခြင်းများရှိကြောင်း၊ ထို့ပြင် ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးသုံးခုမှ အခြေခံပညာအထက်တန်း Grade–12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၅၉၂၂ ဦးနှင့် ယင်းတို့ကို အနီးကပ်သင်ကြားပေးမည့် ဆရာ ဆရာမ ၆၇၂၉ ဦးတို့အတွက် Camp အတွင်း နေထိုင်စားသောက်ရေးစရိတ်များ၊ စာရေးကိရိယာဖြည့်ဆည်းပေးမှုစရိတ်များ၊ အဝေးမှ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ခရီးစရိတ်၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ်ဘီလီယံ ၂၀ ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုလတွင် ထောက်ပံ့ပေးခဲ့ကြောင်း၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက်စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပါဝင်ကြောင်း၊ ငလျင်ဘေးသင့် ပြည်သူများ၏ နေအိမ်များ ပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှထောက်ပံ့ပေးရန် DMC မှ တွက်ချက်ထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိကြောင်း၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

ဝန်ထမ်းအိမ်ရာများတွင် ပြိုကျပျက်စီးမှုများအနက် တိုက်များပိကျ၍ အိမ်အသုံးအဆောင်ပစ္စည်းများဆုံးရှုံးခဲ့သည့် ဝန်ထမ်းအိမ်ထောင်စု ၄၄၉ စုအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ပေးသည်များရှိသော်လည်း နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်နေ့စဉ်အသုံးပြုနေရသည့် အိမ်အသုံးအဆောင်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အိမ်ထောင်စုများတွင် ဝန်ထမ်း ၆၀၅ ဦးနှင့် မှီခိုသူ ၁၁၈၁ ဦး စုစုပေါင်း ၁၇၈၆ ဦး စာရင်းအရ သိရှိရကြောင်း၊ ထိုသို့စာရင်းများကောက်ယူရာတွင် အဆင့်ဆင့်လုပ်ဆောင်ရသောကြောင့် ကြန့်ကြာမှုများရှိသည့်အတွက် ဝန်ကြီးများကိုယ်တိုင် စိစစ်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မိုးရာသီအမီ ဝန်ထမ်းများ လုံလုံခြုံခြုံဖြင့် အမိုးအကာအောက်နေထိုင်နိုင်ရန်အတွက် Prefabricated House/ Office များကို သံရုံးမှတစ်ဆင့် အကူအညီတောင်းခံခဲ့မှုကြောင့် Prefabricated Office အလုံးရေ ၅၀၀ နှင့် Prefabricated House အလုံးရေ ၄၅၀၀ ရရှိပြီးဖြစ်ကြောင်း။

အဆိုပါရောက်ရှိလာသည့် Prefabricated House/ Office များအနက် ၃ ပုံ ၂ ပုံခန့် ဖြန့်ခွဲပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ပြင် စက်သုံးဆီအနေဖြင့်လည်း ဒီဇယ် ဂါလန် ၇ ဒသမ ၉ သန်းနှင့် ဓာတ်ဆီ ဂါလန် ၆ သန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငလျင်ဘေးအန္တရာယ်ဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်သလို အသုံးပြုနိုင်ရေး ထောက်ပံ့ပေးအပ်ခဲ့မှုအပေါ် သယ်ယူပို့ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် စနစ်တကျသုံးစွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် ကျန်အလှူရှင်နိုင်ငံများကလည်း ယာယီကျောင်းဆောင်များ၊ ရုံးခန်းများ ပံ့ပိုးကူညီပေးလျက်ရှိကြရာ နိုင်ငံတော်အစိုးရကိုယ်စား DMC အနေဖြင့် ကျေးဇူးများစွာ တင်ရှိမှုကိုလည်း ဆက်လက်ဖော်ပြလိုပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၇ သို့*

**❐ ကျန်းမာရေးဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ပြည်သူများစုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ ခေါင်းပြန်ထောင်လာသော ကိုဗစ်-၁၉ အိုမီခရွန်မျိုးကွဲနှင့်ပတ်သက်၍ ကူးစက်ပျံ့နှံ့မှုများ လုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက်ပေးရေး၊ ပြည်သူများလိုက်နာနေထိုင်စေရေး ဆောင်ရွက်ပေးရမည်**

*စာမျက်နှာ ၆ မှ*

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ပြီးခဲ့သည့် မေ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲတွင် မဏ္ဍိုင်ကြီးသုံးရပ်ကို ထည့်သွင်းဆွေးနွေးသွားကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေးပြန်လည်ရှင်သန်ခြင်းနှင့် ကြံ့ကြံ့ခံပြီး ခြိုင်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ စသည်တို့ဖြစ်ကြောင်း၊ အဆိုပါသုံးရပ်ကို မိမိတို့အနေဖြင့် DMC အနေဖြင့်လည်း လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပထမမဏ္ဍိုင်နှင့်ပတ်သက်၍ လူသားချင်း စာနာထောက်ထားမှုကိစ္စရပ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လူမှုကာကွယ်ရေးကိစ္စရပ်တွင် ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို အားလုံးဝိုင်းဝန်းပြီး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း၊ ဒုတိယမဏ္ဍိုင်နှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင်ပြန်လည်တည်ဆောက်နိုင်ရေးကို လမ်းညွှန်မှာကြားထားကြောင်း၊ မိုခါ၊ ရာဂီမုန်တိုင်းတို့တွင်ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် မူလထက်သာလွန်ကောင်းမွန်အောင်ဆောင်ရွက်ရမည့် မူဝါဒရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းကိုယ်တိုင် ငလျင်လှုပ်ခတ်ပြီးလျှင်ပြီးချင်း စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်များသို့ သွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့မှုများကို MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များနှင့် နိုင်ငံတော်မှကူညီပြီး ပံ့ပိုးပေးစေလိုသည့် အချက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ထိရောက်စွာ ဆွေးနွေးအဖြေရှာခဲ့ကြောင်း၊ ပျက်စီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် MSME လုပ်ငန်းပေါင်း ၃၀၆ ခုရှိကြောင်း၊ ပျက်စီးဆုံးရှုံးသွားခဲ့သည်များကို အမြန်ဆုံး ပြန်လည်ကုစား၍ လုပ်ငန်းများလည်ပတ်နိုင်ရေး အဆင့်ဆင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သို့မဟုတ် MSME ရန်ပုံငွေအပြင် ဘဏ်များနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် ငွေကြေးလိုအပ်သည့် လုပ်ငန်းရှင်များအတွက် ပုဂ္ဂလိကဘဏ်များမှ ငွေကြေးထုတ်ချေးရာတွင် သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားလိုကြောင်း။

**ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်**

တတိယမဏ္ဍိုင်နှင့်ပတ်သက်၍ သဘာဝဘေးအလွန် အမျိုးသားအဆင့်အနေဖြင့် နောက်တစ်ကြိမ်မဖြစ်စေရန် စနစ်တကျစီမံချက်များရေးဆွဲပြီး ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲအောင်နှင့် ငလျင်လှုပ်ခတ်လာမည်ဆိုပါက ပြိုကျပျက်စီးခြင်းများမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ကြရမည့် အဆောက်အအုံများအားလုံးသည် မြေသားစမ်းသပ်မှုအပါအဝင် ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန် ဆောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအဖြစ် ၂၀၂၅ ခုနှစ်ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် မိုးခေါင်မှု ၂ ကြိမ်၊ ငလျင် ၉ ကြိမ်၊ ရေကြီးမှု ၃၂ ကြိမ်၊ မုန်တိုင်း ၃၄ ကြိမ်၊ မီးတောင်ပေါက်ကွဲမှု ၁ ကြိမ်နှင့် တောမီး ၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်ကို ပြန်ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှု အနည်းဆုံး ၂ ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ ငလျင်ဘေး အနည်းဆုံး ၇ ကြိမ်မှ အများဆုံး ၁၉ ကြိမ်၊ ရေဘေး အနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ကြောင်း၊ ၎င်းအနက် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် ရေဘေး ၇၁ ကြိမ် ကျရောက်ခဲ့ကြောင်း၊ မုန်တိုင်း အနည်းဆုံး ၂၁ ကြိမ်မှ အများဆုံး အကြိမ် ၆၀ အထိ ဖြစ်ပွားခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်မှာ ၃ ကြိမ်မှ ၅ ကြိမ်နှင့် တောမီးလောင်မှု ၁ ကြိမ်မှ ၉ ကြိမ်အထိဖြစ်ကြောင်း၊ အထက်ပါအချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရေဘေးအန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း သတိပြုကြရမည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် သတိပေးထုတ်ပြန်ပေးရမည်**

မိမိတို့နိုင်ငံတွင်လည်း ယခုအခါ မိုးတွင်းကာလရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားအဆင့် စီမံချက်များလည်း ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် စီမံချက်များအပေါ် တာဝန်ရှိသူများက ကြိုတင်ကာကွယ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေးဘေးနှင့်အတူ မုန်တိုင်းဘေးအန္တရာယ်ကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၁၀ နှစ်အတွင်း လအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့မှုများကို လေ့လာဆန်းစစ်ပြီး မျက်ခြည်မပြတ် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စောင့်ကြည့်လေ့လာနေရမည်ဖြစ်ကြောင်း၊ လေ့လာကြည့်ရှုရန် European Centre for Medium–Range Weather Forecasts (ECMWF) website–https://www.ecmwf.int၊ National Hurricane Center မှ Global Forecast System (GFS) Website–https://www.ncei.noaa.gov/products/weather–climate–models/global–forecast နှင့် မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန Website ဖြစ်သည့် http://www.dmh.gov.mm Website များရှိကြောင်း၊ အဆိုပါ Website များကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရုပ်မြင်သံကြားများနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် စဉ်ဆက်မပြတ် သတိပေးထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း။

ပြည်သူများနှင့် ဝန်ထမ်းများ မိုးရာသီတွင် လုံလုံခြုံခြုံ အမိုးအကာအောက်နေထိုင်ရန် ယာယီအားဖြင့် ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း မလုံလောက်သေးဘဲ လိုအပ်ချက်များရှိပါက အစည်းအဝေးတွင် သာမဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာကော်မတီများနှင့် တာဝန်ရှိသူများကို တင်ပြစေလိုကြောင်း၊ သို့မှသာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စာရင်း ဇယားများ ကောက်ယူရာတွင် မှန်မှန်ကန်ကန်နှင့် တိတိကျကျ ဖြစ်ပြီး အချိန်ကုန်မှုမရှိဘဲ အဆင့်ဆင့်စိစစ်၍ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ ပြည်သူများ လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ကိစ္စရပ်များတွင် အတတ်နိုင်ဆုံး အဆင်ပြေစေရေး ရရှိလာသည့် အလှူငွေများ၊ နိုင်ငံတော်မှ ထည့်ဝင်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်ရှိသည့် လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ စသည်များကို စဉ်ဆက်မပြတ် ပြန်လည်ထူထောင်ရေးကာလအတွင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အနှောင့်အယှက်များ ရှိမည်ဖြစ်သော်လည်း အကောင်းဆုံးကျော်လွှားရမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာများအနေဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် လုပ်ငန်းဖြစ်သည့်အတွက် ငလျင်ဘေးအန္တရာယ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းများ၏ ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း တင်ပြထားသည့် ကိစ္စရပ်များအပေါ် ခွင့်ပြုချက်ရပြီးသည်နှင့် ကူညီထောက်ပံ့ရေးပစ္စည်းများကို ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရန်လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးနှင့် ရပ်ဆိုင်းသွားသည့် ဘိလပ်မြေစက်ရုံများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ လုံလုံခြုံခြုံဖြင့် စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပေးစေလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင်ဘေးသင့် ဝန်ထမ်းများ၊ ပြည်သူများ စုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ ခေါင်းပြန်ထောင်လာသော ကိုဗစ်–၁၉ အိုမီခရွန် မျိုးကွဲနှင့်ပတ်သက်၍ ကူးစက်ပျံ့နှံ့မှုများ လုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက်ပေးရေး၊ ပြည်သူများလိုက်နာနေထိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရန်ကျန်အချက်များ၊ ရေတိုရေရှည် အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြသွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့် ပစ္စည်းများအား ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့် ရုံးများနှင့် ဝန်ထမ်းများအတွက် Prefabricated House/Office များတည်ဆောက်၍ နေရာချထားပေးမှု၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ ပျက်စီးဆုံးရှုံးမှုများ၏ မူလတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုး တွက်ချက်ထားရှိမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ယာယီရုံးများ ဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖြင့် ရုံး၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနများအလိုက် ရုံး၊ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများအား ပြန်လည်နေရာချထားမှု၊ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာ အကူအညီများအား စနစ်တကျစိစစ်လက်ခံပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု၊ MSME လုပ်ငန်းများ ချေးငွေများရယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးထားမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံရည်ကြိုစက်ရုံများ လည်ပတ်နိုင်မှုနှင့် ပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြန်လည်ထူထောင်ရေးကာလ ၁၈ လအတွင်း သံချောင်းလုံးနှင့် သံမဏိလိုအပ်ချက်များ၊ ငလျင်ဒဏ်သင့် ကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းများ ဖွင့်လှစ်၍ ပညာသင်ကြားနေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်နှင့်ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအတွက် လယ်ယာကုန်ထုတ်လုပ်ငန်းများမှ တိုးတက်ရှာဖွေပေးနိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇွန် ၆

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင်မြင်ရန် စီမံဆောင်ရွက်ရာတွင် စားရေရိက္ခာဖူလုံရေးသာမက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ၏ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်မှုအတွက် အထောက်အပံ့ဖြစ်စေရန် လယ်ယာကုန်ထုတ်လုပ်ငန်းများမှ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ရေး ကြိုးပမ်းကြရန်လိုအပ်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး၌ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ပြောကြားသည်။** (အောက်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းများ အနေဖြင့် ဒေသအလိုက် လျာထားကေပြည့် စိုက်ပျိုးရန်နှင့်စိုက်ဧရိယာ အားလုံး ပန်းတိုင်အထွက်ရရှိရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ မွေးမြူရေးကဏ္ဍတွင်လည်း သတ်မှတ် တိရစ္ဆာန်ကောင်ရေ အပြည့်အဝမွေးမြူလုပ်ကိုင်ရေးနှင့် ဖြစ်ထွန်းအောင်မြင်မှုရှိအောင် စီမံဆောင်ရွက်ပြီး ဒေသအလိုက် အသားစားသုံးမှုလိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အလားတူ ငါးလုပ်ငန်းတွင်လည်း ပြည်ပပို့ကုန်များ တိုးတက်ထုတ်လုပ်ပြီး နိုင်ငံ့ဝင်ငွေ တိုးတက်ရှာဖွေနိုင်ရေး လမ်းညွှန်မှုပြုထားပါကြောင်း။

အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် တောင်သူကိုယ်တိုင် အပြည့်အဝပူးပေါင်းဆောင်ရွက်လာကြစေရန်လိုအပ်သဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက အုပ်ချုပ်ရေးနည်းလမ်း၊ စည်းရုံးရေးနည်းလမ်းများဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းသုံးသပ်၍ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ပြီး သီးနှံစတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းသိုလှောင်သည်အထိ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်နိုင်ကြစေရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။





ဆက်လက်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ လျာထားချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးများက လုပ်ငန်းရပ်တစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများမှ တိုင်းဒေသကြီး ပြည်နယ်ဦးစီးဌာနမှူးများ တက်ရောက်ကြပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မကွေး ဇွန် ၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ (၂၀၂၅) ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၅) စက်မှုသင်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ အမှတ်(၅) စက်မှုသင်တန်းကျောင်း ကျောင်းသား ကျောင်းသူများ၊ အမှတ် (၃) တပ်မတော် အကြီးစားစက်ရုံ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး မိုးရာသီသစ်ပင်များ တပျော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်တွင် တပျော်တပါး စိုက်ပျိုးနေမှုများကို လှည့်လည် ကြည့်ရှုကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ယူကလစ် အပင် ၄၉၀၊ ပန်းမဲဇလီ ၁၂၇ ပင်၊ ခရေ ၇၁ ပင်၊ တမာ ၁၀၅ ပင်၊ မယ်ဇယ် ၇၆ ပင်၊ ကုက္ကိုပင် ၅၄ ပင်၊ ဆီသပြေ ၅၇ ပင်၊ မယ်ဇလီ ၄၁ ပင်၊ ဖျောက်ဆိပ်ပင် ၆၆ ပင်၊ မာတာကွတ် ၁၃ ပင် စုစုပေါင်း အပင် ၁၁၀၀ တို့ကို စိုက်ပျိုးခဲ့သည်။

**မောင်ခိုင်မင်း (ပြန်ဆက်)**

# (၁၀) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ ($10^{th}$ MAF-RTAF Air Working Group Meeting) ကျင်းပ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၀)ကြိမ်မြောက် မြန်မာ – ထိုင်း နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ ($10^{th}$ MAF–RTAF Air Working Group Meeting) ကို ဇွန် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak တို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး အစည်းအဝေး အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပကြသည်။ ထို့နောက် (၁၀)ကြိမ်မြောက် မြန်မာ – ထိုင်း နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံ ဆွေးနွေးပွဲ ($10^{th}$ MAF – RTAF Air Working Group Meeting) ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။ ယင်းနောက်အစည်းအဝေး ပြီးမြောက်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်းခိုရာ Hotel ၌ တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ ($10^{th}$ MAF–RTAF Air Working Group Meeting) သို့ တက်ရောက်ရန် ထိုင်းဘုရင့်လေတပ်မှ Deputy Chief Of The Air Staff (Operation) Air Marshal Anurak Romnarak ဦးဆောင်သော ကိုးဦးပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီး တပ်မတော် (လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲလာရောက်စဉ်ကာလအတွင်း ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားနှင့် ကမ္ဘာအေးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်မြို့ရှိ အထင်ကရ နေရာများဖြစ်သည့် ဗိုလ်ချုပ် အောင်ဆန်းဈေးနှင့် ဝန်ကြီးများရုံးသို့ သွားရောက်လေ့လာလည်ပတ်၍ ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအပေါ် ဖိအားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သော အိုင်အယ်လ်အို (ILO) ၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ခြင်း

(၁၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကျင်းပနေစဉ်ကာလအတွင်း ၅-၆-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံအစိုးရအပေါ် ILO မျက်နှာစာမှတစ်ဆင့် ဖိအားပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်- ၈၇ နှင့် အစမ္မခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၂၉ တို့ကို လိုက်နာမှုမရှိဟု အကြောင်းပြကာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry-CoI) ၏ အကြံပြုချက်များကို မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်စေရန်အတွက် တစ်ဖက်သတ်တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ILO ဖွဲ့စည်းပုံနှင့် ကိုက်ညီခြင်းမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာအစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ တစ်ဖက်သတ် ဆောင်ရွက်ခြင်းများသည် ILO ၏ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ကိုယ်စားလှယ်များပါဝင်သည့် သဘောသဘာဝကို ဆိုးရွားစွာထိခိုက်စေသည်။

အဆိုပါဆုံးဖြတ်ချက်သည် သမာသမတ်ကျ မျှတမှုမရှိဘဲ နိုင်ငံရေးဆိုင်ရာ ချဉ်းကပ်မှုများအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့်စပ်လျဉ်း၍ လွဲမှားသည့်အကဲဖြတ်မှုများအပေါ် အခြေခံထားပါသည်။ ယင်းဆုံးဖြတ်ချက်တွင် နိုင်ငံအတွင်း လူမှုရေးနှင့် အလုပ်သမားအခြေအနေကို အမှန်တကယ်ထိခိုက်စေမည့်ဘက်သို့ တွန်းပို့မည့် အစီအမံများဆောင်ရွက်ရန် အဆိုပြုထားခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

ILO မျက်နှာစာမှနိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ချက်များသည် အခြေခံအလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အရေးနှင့် ဝင်ငွေပုံမှန်ရရှိမှုအပေါ် ခြိမ်းခြောက်မှုအဖြစ် အသွင်ပြောင်းလဲလာနိုင်ခြင်းနှင့် ကောင်းကျိုးထက် ဆိုးကျိုးပိုမည့်အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ILO အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အခြေခံကွန်ဗင်းရှင်း (၄) ခုကို လက်မှတ်ရေးထိုး၍ ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများအပြင် မြန်မာနိုင်ငံ၏ အလုပ်သမားများအကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ILO အနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုကာ နိုင်ငံရေးဆန်သော တစ်ဖက်သတ်ဖိအားပေးဆောင်ရွက်မှုများသည် အခြေခံလူတန်းစားအလုပ်သမားထုအပေါ် ကောင်းကျိုးထက်ဆိုးကျိုးကို ပိုမိုသက်ရောက်စေနိုင်ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားထုအနေဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ကြီးအပေါ် ယုံကြည်အားထားစိတ် လျော့ပါးစေပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အလုပ်သမားအကျိုးအတွက် အပြုသဘောဆောင်သော အကြံပြုတိုက်တွန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့အသိပေးလျက်ရှိပါသည်။

သို့ရာတွင် (၁၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံအစည်းအဝေးတွင် အထွေထွေရေးရာကော်မတီနှင့် ညီလာခံတို့က ကွန်ဗင်းရှင်းအမှတ်-၂၉ နှင့် ကွန်ဗင်းရှင်းအမှတ်-၈၇ တို့ကို အသုံးချ၍ နိုင်ငံရေးအရ ဖိအားပေးသော အာတီကယ် ၃၃ ကျင့်သုံးသည့် ဆုံးဖြတ်ချက်အဆိုချမှတ်မှုကို မြန်မာနိုင်ငံက စိတ်ပျက်ရပြီး ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ မြန်မာနိုင်ငံနည်းတူ ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ရပ်တည်၍ အပြုသဘောမိန့်ခွန်းများပြောကြားပေးသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအမှတ် - ၂၉ နှင့် ကွန်ဗင်းရှင်းအမှတ် - ၈၇ တို့ကို နိုင်ငံ၏ အလုပ်သမားနှင့် အလုပ်ရှင်များ၏ အကျိုးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အလုပ်သမားထု၏ အခွင့်အရေးများဥပဒေနှင့်အညီ တိုးတက်မှုရရှိရေး၊ လူမှုဘဝများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် ILO အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ဆက်လက်ထိတွေ့လျက် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို မထိပါးစေသော ပူးပေါင်းမှုများ ဆောင်ရွက်မည်ဖြစ်သည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး Modular House များ တပ်ဆင်တည်ဆောက်ပြီးစီးမှုနှင့် အသစ်ထပ်မံရောက်ရှိလာသည့် Modular House ပစ္စည်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၁၄) ဧရိယာအတွင်း ငလျင်ဒဏ်သင့်ခဲ့သည့်ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် အိပ်ခန်း နှစ်ခန်းပါ Modular House များ တပ်ဆင်တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် လျှပ်စစ်မီးများ သွယ်တန်းထားရှိမှု၊ သုံးရေသွယ်တန်းမှုနှင့် မိလ္လာများ တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် မိသားစုများအား စနစ်တကျ ခွဲဝေနေရာချထားပေးပြီး အမြန်ဆုံး ပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အသစ်ထပ်မံရောက်ရှိလာသည့် Modular House ပစ္စည်းများ ကွန်တိန်နာပေါ်မှ သယ်ချနေမှုကို ကြည့်ရှုပြီး လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် တပ်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၅ ရက် ညနေ ၅ နာရီမှ ယနေ့ ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံသားအလှူရှင်များနှင့် တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံသားအလှူရှင်များက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ အလေးချိန် ၄ ဒသမ ၂၃ တန် ရောက်ရှိခဲ့သည်။ အဆိုပါထောက်ပံ့သည့် အလှူပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပန်းလှိုင်မြစ်ဝ ညောင်တုန်းရေလမ်းတွင် သောင်တူးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေလမ်းပိတ်ထားမည်

**နေပြည်တော် ဇွန် ၆**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆိုင်ရာ ပန်းလှိုင်မြစ်ဝ ညောင်တုန်းရေလမ်းတွင် ရေလမ်းဖွံ့ဖြိုးရေးအတွက် သောင်တူးလုပ်ငန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၈ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

သောင်တူးလုပ်ငန်း ဆောင်ရွက်နေစဉ် ကာလအတွင်း ပန်းလှိုင်မြစ်ဝ ညောင်တုန်းရေလမ်းကို ပိတ်ထားမည်ဖြစ်သောကြောင့် ဧရာဝတီမြစ်မှ ရန်ကုန်မြို့သို့ ဝင်ရောက်မည့် ရေယာဉ်များနှင့် ရန်ကုန်မြို့မှ ဧရာဝတီမြစ်သို့ ထွက်ခွာမည့် ရေယာဉ်များသည် ပန်းလှိုင်မြစ်ကို ဖြတ်သန်းခြင်းမပြုဘဲ တွံတေးတူးမြောင်းမှသာ ဖြတ်သန်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**က ရေလမ်းသတင်း ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် SGE Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Super Seven Star Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သမိုင်း၏ အမှန်တရားဘက်နှင့် တရားမျှတသောဘက်တွင် ရပ်တည်ခြင်း

*မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံမှူး Mr. Ouyang Daobing*

**၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသည် “အပြန်အလှန်အခွန်ကောက်ခြင်း” (Reciprocal tariff)ကို ထုတ်ပြန်ခဲ့ပြီး တရုတ်နိုင်ငံ အပါအဝင် ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံများအပေါ် မတူညီသော အချိုးအစားဖြင့် အကောက်ခွန်များ သတ်မှတ်ခဲ့သည့်အပြင် “မတ်လ ၂၈ ရက်နေ့” မန္တလေးငလျင်ကြီး၏ သက်ရောက်မှုကိုပင် ထောက်ထားညှာတာမှုမရှိဘဲ မြန်မာနိုင်ငံအား ၄၄ ရာခိုင်နှုန်းအထိ မြင့်မားသော အကောက်ခွန်များ စည်းကြပ်ခဲ့သဖြင့် အထည်အလိပ်၊ အဝတ်အစား၊ စိုက်ပျိုးရေး၊ သစ်သား၊ သတ္တု အစရှိသော ကဏ္ဍများအပေါ် သက်ရောက်ခဲ့သည်။**

ဤလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး စည်းမျဉ်းများကို ပြင်းထန်စွာ ချိုးဖောက်ခြင်း၊ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ထိခိုက်စေခြင်းနှင့် ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုကို ပြင်းထန်စွာရိုက်ခတ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကျယ်ပြန့်သော ကန့်ကွက်မှုများကြောင့် အမေရိကန်သည် အချို့သော ကုန်သွယ်ဖက်နိုင်ငံများအား အကောက်ခွန်များ ယာယီရွှေ့ဆိုင်းခြင်း၊ အချို့သော ကုန်ပစ္စည်းများကို “အပြန်အလှန်အခွန်ကောက်ခြင်း”မှ ကင်းလွတ်ခွင့်ပြုကြောင်း ရှေ့ဆင့်နောက်ဆင့် ကြေညာခဲ့သည်။

မေလ ၈ ရက်နေ့တွင် ဗြိတိန်နှင့် အမေရိကန်တို့သည် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီး အချို့သော ကဏ္ဍများတွင် အကောက်ခွန်များ ရုပ်သိမ်းခဲ့သည်။ မေလ ၁၂ ရက်နေ့တွင် တရုတ်နိုင်ငံနှင့် အမေရိကန်တို့သည် ဂျီနီဗာစီးပွားရေးနှင့်ကုန်သွယ်ရေး တွေ့ဆုံဆွေးနွေးပွဲ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး နှစ်နိုင်ငံအကြား အကောက်ခွန်များကို သိသာထင်ရှားစွာ လျှော့ချခဲ့သည်။ အမေရိကန်သည် ကမ္ဘာတစ်ဝန်းသို့ စတင်လိုက်သော အကောက်ခွန်စစ်ပွဲ၏ အဓိပ္ပာယ်ဟာ ဘာဖြစ်မလဲ။ ကျွန်တော့်၏ ထင်မြင်ချက်ကို ဆွေးနွေးမျှဝေချင်ပါသည်။

**၁။ “အပြန်အလှန်အခွန်ကောက်ခြင်း” ဆိုသည်မှာ အဘယ်နည်း**

အမေရိကန်သည် ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရန်၊ အစိုးရ၏ဘဏ္ဍာရေးဝင်ငွေကို တိုးမြှင့်ရန်၊ အမေရိကန်လုပ်ငန်းများကို ကာကွယ်ရန်နှင့် “ထုတ်လုပ်မှုလုပ်ငန်းများ နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိရန်”ဟူသော ရည်ရွယ်ချက်ဖြင့် “အပြန်အလှန် အခွန်ကောက်ခြင်း”ကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု အကြိမ်ကြိမ်ကြေညာခဲ့ပါသည်။ အဆိုပါလုပ်ရပ်များသည် တရားမျှတပြီး ကျိုးကြောင်းဆီလျော်သည်ဟု ထင်မြင်ရသော်လည်း အမှန်တကယ်တွင် စီးပွားရေးနိယာမများနှင့် ကုန်သွယ်ရေးဆိုင်ရာ အသိပညာအခြေခံများကို ဆန့်ကျင်နေပြီး ဤသည်မှာ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အနိုင်ကျင့်ခြင်း၏ လုပ်ရပ်ဖြစ်သည်။

အမေရိကန်သည် “တန်းတူညီမျှမှု” နှင့် “တရားမျှတမှု”ဆိုသည့် အကြောင်းပြချက်များဖြင့် ကုန်သွယ်ခွန်များ တိုးမြှင့်ကာ အမှန်တကယ်မှာ “အမေရိကန်ဦးစားပေး”ဝါဒကို ကျင့်သုံးလျက် “အမေရိကန်အထူး” အခွင့်အရေးကို လိုက်စားနေခြင်းဖြစ်သည်။ အမေရိကန်သည် “လိုသုံးမလိုစွန့်”ဟူသော ပေါ့ပေါ့တန်တန် သဘောထားဖြင့် ၎င်းကိုယ်တိုင် တည်ဆောက်ခဲ့သော စစ်ပြီးခေတ် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းစနစ်ကို ဖျက်သိမ်းရန် ရည်ရွယ်ကြံဆနေခြင်းဖြစ်သည်။

“အပြန်အလှန်အခွန်ကောက်ခြင်း”၏ အဓိက အခြေခံသည့် ကုန်သွယ်ရေးလိုငွေပြမှုကို “အခြားနိုင်ငံများမှ အမေရိကန်အား အမြတ်ထုတ်ခြင်း”ဟု မှတ်ယူကာ “အမေရိကန်နစ်နာမှု”ကို ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်ချိခြင်းဖြစ်သောကြောင့် အမှန်တရားနှင့် လုံးဝကိုက်ညီမှုမရှိပေ။ ပထမအချက်၊ အမေရိကန်သည် နစ်နာခြင်းမရှိသည့်အပြင် လက်ရှိနိုင်ငံတကာ ကုန်သွယ်ရေးစနစ်၏ အဓိက အကျိုးကျေးဇူးခံစားရသူဖြစ်သည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၅၀၀ တွင် အမေရိကန်မှ ကုမ္ပဏီပေါင်း ၁၃၉ ခု ပါဝင်နေပြီး အရေအတွက်အားဖြင့် ပထမနေရာတွင် ရပ်တည်နေသည်။

ဒုတိယအချက်၊ အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုသည် ဈေးကွက်၏ စုပေါင်းသက်ရောက်မှုကြောင့်ဖြစ်ပြီး စီးပွားရေးဖွဲ့စည်းပုံ၊ နိုင်ငံတကာ အလုပ်ခွဲဝေမှုနှင့် အမေရိကန်ဒေါ်လာ၏ ငွေကြေးဆိုင်ရာ အခန်းကဏ္ဍ စသည့်အကြောင်းရင်းများ၏ သက်ရောက်မှုကြောင့်ဖြစ်သည်။ ထို့အပြင် ကုန်သွယ်ရေး၏ သဘောသဘာဝသည် အပြန်အလှန် အကျိုးကျေးဇူးရရှိရန်ဖြစ်ပြီး ကုန်သွယ်ရေးလိုငွေပြမှုသည် ကုန်သွယ်ရေးနစ်နာမှုနှင့် မတူညီပါ။ တတိယအချက်၊ အမေရိကန်သည် ဝန်ဆောင်မှုကုန်သွယ်ရေးတွင် အမြဲတမ်းအပိုငွေရှိပြီး ၂၀၂၄ ခုနှစ်တွင် အပိုငွေပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ခန့်ရှိသည်။ အမေရိကန်သည် ကုန်သွယ်ရေးလိုငွေပြမှုကိုသာ ပြောဆိုပြီး ဝန်ဆောင်မှုကုန်သွယ်ရေးတွင် အပိုငွေရှိကြောင်းကို လုံးဝဖော်ပြခြင်းမရှိကြောင်း တွေ့ရသည်။ ဤသည်မှာ အမေရိကန်၏ ဘက်စုံမကြည့်ခြင်း၊ တစ်ဖက်စောင်းနင်းသာ ကြည့်ခြင်းပင်ဖြစ်သည်။





“အပြန်အလှန် အခွန်ကောက်ခြင်း”သည် ကမ္ဘာ့စီးပွားရေး ပြန်လည်ထူထောင်ရေးကို ထိခိုက်စေပြီး အမေရိကန်ကိုယ်တိုင်လည်း နစ်နာစေသည်။ “အပြန်အလှန် အခွန်ကောက်ခြင်း”အား အကောင်အထည်ဖော်ပြီးနောက် ကမ္ဘာ့ဈေးကွက်များ လျင်မြန်ကြီးမားသည့် လှုပ်ခတ်မှုဖြစ်ပေါ်ကာ အဓိက စတော့ဈေးကွက်အညွှန်းများ ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာနှင့် အမေရိကန်နိုင်ငံကြွေးမြီညွှန်းကိန်းများ ဆက်လက်အားနည်းခဲ့သည်။ အမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်၏ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန်(GDP)သည် ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်း အမေရိကန်စီးပွားရေး၏ အဆိုးရွားဆုံးသော သုံးလပတ်အဖြစ် မှတ်တမ်းတင်ခဲ့သည်။

The Budget Lab at Yale ၏ ခန့်မှန်းချက်အရ အကောက်ခွန်များ တိုးမြှင့်ခြင်းသည် သာမန်အမေရိကန်မိသားစုတစ်စုစီအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ကျော် ဆုံးရှုံးစေမည်ဖြစ်ပြီး အမေရိကန်လုပ်ငန်းများအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံကျော် အပိုကုန်ကျစေမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)က အမေရိကန်၏ အကောက်ခွန်ဆိုင်ရာ အစီအမံများသည် ကမ္ဘာ့စီးပွားရေးအား ကြီးမားသော ဆိုးကျိုးသက်ရောက်မှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းခန့်မှန်းချက်ကို ဇန်နဝါရီလတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ဧပြီလတွင် ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ နောက်ဆုံးထုတ်ပြန်ချက်အရ အမေရိကန်၏ အကောက်ခွန်မူဝါဒများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအလားအလာများ ရုတ်တရက် ဆိုးရွားလာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုပမာဏသည် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

အမေရိကန်အစိုးရ၏ ဇွတ်အတင်းလုပ်ဆောင်မှုသည် ပြည်တွင်းတွင် ကြီးမားသော ကန့်ကွက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ နေရာဒေသအများအပြားရှိ ပြည်သူများသည် အစိုးရအား အကောက်ခွန်တိုးမြှင့်မှုကို ဆန္ဒပြရန် လမ်းများပေါ်သို့ ထွက်လာခဲ့ကြပြီး ကယ်လီဖိုးနီးယားပြည်နယ်၊ အော်ရီဂွန်ပြည်နယ်အပါအဝင် ပြည်နယ် ၁၃ ခုသည် ဖက်ဒရယ်အစိုးရအား တရားစွဲဆိုခဲ့ကြသည်။ အမေရိကန်၏ အဆင့်မြင့်စီးပွားရေးပညာရှင်များနှင့် အစိုးရအကြံပေး(ဟောင်း) များက “အကောက်ခွန်ဆန့်ကျင်ရေး ကြေညာချက်”ကို ထုတ်ပြန်ခဲ့ကြပြီး နာမည်ကျော်ကြားသော လူပုဂ္ဂိုလ် ၁၀၀၀ ကျော်က လက်မှတ်ရေးထိုးထောက်ခံခဲ့ကြသည်။ အမေရိကန်၏ ဘဏ္ဍာရေးဝန်ကြီး(ဟောင်း) လော်ရင့်စ်ဆမ်းမား (Lawrence Summers) က အမေရိကန်၏ အဆိုပါလုပ်ရပ်သည် ၎င်း၏သမိုင်းတွင် မိမိနိုင်ငံစီးပွားရေးအား မိမိကိုယ်ကို ပြန်လည်ထိခိုက်နစ်နာစေသည့် အကြီးမားဆုံးသော လုပ်ရပ်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

**၂။ တရုတ်နိုင်ငံက အဘယ်ကြောင့် တန်ပြန်အရေးယူသနည်း**

ဧပြီလ၌ အမေရိကန်နိုင်ငံသည် ရှေ့ဆက်နောက်ဆက် တရုတ်နိုင်ငံအပေါ် အပြန်အလှန် အခွန်ကောက်ခြင်းကို ၃၄ ရာခိုင်နှုန်း၊ ၈၄ ရာခိုင်နှုန်းနှင့် ၁၂၅ ရာခိုင်နှုန်းအထိ သုံးကြိမ်တိုးမြှင့်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ကျိုးကြောင်းဆီလျော်သော တန်ပြန်မှုပြုလုပ်ကာ အမေရိကန်ကုန်ပစ္စည်းများအပေါ် တူညီသောအချိုးအစားကို သုံးကြိမ်တိုင် အခွန်တိုးမြှင့်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုဖြေရှင်းရေးယန္တရား(Dispute settlement) တွင် တရားစွဲဆိုခြင်းနှင့် Middle rare-earth elements ဆိုင်ရာ ပို့ကုန်ထိန်းချုပ်မှုများ စသည့် အစီအမံများစွာကို လုပ်ဆောင်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဂုဏ်သိက္ခာရှိသည့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုရှိသော နိုင်ငံကြီးအနေဖြင့် တရုတ်နိုင်ငံ၏ တန်ပြန်ဆောင်ရွက်မှုများသည် မိမိနိုင်ငံ၏ တရားဝင်အခွင့်အရေးဖြင့်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

မိမိအကျိုးစီးပွားများကို ကာကွယ်ရန်သာမက ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားအပါအဝင် နိုင်ငံတကာ အသိုက်အဝန်း၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတကာ၏ ဖြောင့်မှန်သော တရားမျှတမှုကို ကာကွယ်ရန်လည်း ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ အခွင့်အာဏာကို ခိုင်မာစွာထိန်းသိမ်းခြင်း၊ ကုလသမဂ္ဂကို ဗဟိုပြုသော နိုင်ငံတကာစနစ် (International System)၊ နိုင်ငံတကာဥပဒေအပေါ် အခြေခံထားသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်း (International order)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် အခြေခံထားသော နိုင်ငံတကာဆက်ဆံရေး အခြေခံစံနှုန်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းနှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခြင်း၏ ရှေးဦးလိုအပ်ချက်နှင့် အာမခံချက်ပင်ဖြစ်ပါသည်။

အမေရိကန်သည် ၂၀၁၈ ခုနှစ်ကတည်းက တရုတ်နှင့် ကုန်သွယ်ရေးစစ်ပွဲကို စတင်ခဲ့သည်နှင့် အမျှ တရုတ်နိုင်ငံ၏စီးပွားရေးသည် "ဖိအားအောက်တွင် ပိုမိုအားကောင်းလာသည်" ဟူသောအချက်မှာ ပိုမိုထင်ရှားပေါ်လွင်လာခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် နံပါတ်တစ် နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး နိုင်ငံနှင့်ဒေသပေါင်း ၁၅၀ ကျော်၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ နိုင်ငံနှင့်ဒေသပေါင်း ၃၀ နှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုစာချုပ် ၂၂ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် ၃၀ ရာခိုင်နှုန်းကို အကျိုးထမ်းဆောင်ခဲ့သည်။ တရုတ်နိုင်ငံသည် အမြဲတစေ ရင်းနှီးမြှုပ်နှံမှု၏ မြေဩဇာထက်သန်သော မြေဆီလွှာဖြစ်ပြီး ယုံကြည်စိတ်ချရသော ကုန်သွယ်ဖက်ဖြစ်ကာ အပြင်လောက၏ အနှောင့်အယှက်ကို အရေးမထားခြင်း၊ ခြိမ်းခြောက်မှုနှင့်အကျပ်ကိုင်မှုကို မကြောက်ခြင်း၊ စည်းချက်နှောင့်ယှက်မှုများ မခံခြင်းဖြင့် ကျွန်တော်တို့သည် မိမိတို့၏ ကိုယ်ပိုင်ရေးရာများကို ဆက်လက်အာရုံစိုက်မည်ဖြစ်ပြီး ကမ္ဘာကြီးကို သေချာမှု၊ အနာဂတ်နှင့် အခွင့်အလမ်းများစွာကို လက်တွေ့ကျသော လုပ်ဆောင်ချက်များမှတစ်ဆင့် အားပေးသွားမည်ဖြစ်သည်။

**၃။ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းက ဘယ်ကို ဦးတည်နေသနည်း**

ဒုတိယကမ္ဘာစစ်အပြီးတွင် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် အရင်းအနှီး၊ သတင်းအချက်အလက်၊ နည်းပညာ၊ လုပ်အားနှင့် စီမံခန့်ခွဲမှုစသည့် ထုတ်လုပ်မှုဆိုင်ရာ အချက်များကို ပြောင်းလဲပြင်ဆင်ပေးရာမှ နိုင်ငံများ အပြန်အလှန်မှီခိုကာ နီးနီးကပ်ကပ်ချိတ်ဆက်နေသည့် ကမ္ဘာ့စီးပွားရေးဖွဲ့စည်းပုံတစ်ခု ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (UNCTAD) မှ ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ထရီလီယံအထိ စံချိန်တင်မြင့်မားလာခဲ့သည်။ ယင်းက စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် လူအင်အားဖြင့် ကြံစည်ဖန်တီးထားခြင်း မဟုတ်သောကြောင့် အချို့သောနိုင်ငံများ၏ဆန္ဒအရ ဆန့်ကျင်ဘက်သို့ ဦးတည်ပြောင်းလဲသွားမည်မဟုတ်ကြောင်း အပြည့်အဝပြသနေပါသည်။

> **လက်ရှိအချိန်တွင် ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း မကြုံခဲ့ဖူးသည့် ကြီးမားသော အပြောင်းအလဲတစ်ခုဖြစ်ပွားနေသည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့်အုပ်ချုပ်ရေး စသည့်နယ်ပယ်၏ မညီမျှမှုများကို ရင်ဆိုင်နေရပြီး ဤမညီမျှမှု အကျပ်အတည်းများကို ရင်ဆိုင်ရာတွင် ကျွန်တော်တို့အားလုံးသည် မျက်လုံးများကိုဖွင့်ကာ မည်သူက ဖျက်ဆီးနေသနည်း၊ မည်သူက တည်ဆောက်နေသနည်းကို ကြည့်ရှုရန် လိုအပ်ပါသည်။ ကမ္ဘာကြီးသည် အတားအဆီးများမဟုတ်ဘဲ ပွင့်လင်းခြင်း၊ လွှမ်းမိုးမှုမဟုတ်ဘဲ တရားမျှတမှု၊ ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်ဘဲ စည်းလုံးညီညွတ်မှု စသည်တို့ လိုအပ်ပါသည်။ နိုင်ငံအားလုံးသည် နိုင်ငံကြီးငယ်မရွေး၊ အင်အားကြီးငယ်မဟူ၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ နိုင်ငံတကာအသိုက်အဝန်းတွင် တန်းတူညီတူသော အဖွဲ့ဝင်များဖြစ်သင့်**

မည်သည့်နိုင်ငံမဆို "မိမိနိုင်ငံကို ဦးစားပေးခြင်း"ကို လုပ်ဆောင်ခြင်းသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး၏ တရားဝင်အကျိုးစီးပွားကို အရင်းခံ၍ မိမိနိုင်ငံ၏ ဗိုလ်ကျလွှမ်းမိုးမှု(Hegemony) အကျိုးစီးပွားကို အကျိုးပြုစေသော တစ်ဖက်သတ်ဝါဒ (Unilateralism) လုပ်ရပ်ဖြစ်၍ ၎င်းသည် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း၏ သမိုင်းလမ်းကြောင်းနှင့် ဆန့်ကျင်နေပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆန့်ကျင်မှုများကို ဆက်လက်ခံရလိမ့်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း မကြုံခဲ့ဖူးသည့် ကြီးမားသော အပြောင်းအလဲတစ်ခုဖြစ်ပွားနေသည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေး စသည့်နယ်ပယ်၏ မညီမျှမှုများကို ရင်ဆိုင်နေရပြီး ဤမညီမျှမှု အကျပ်အတည်းများကို ရင်ဆိုင်ရာတွင် ကျွန်တော်တို့ အားလုံးသည် မျက်လုံးများကိုဖွင့်ကာ မည်သူက ဖျက်ဆီးနေသနည်း၊ မည်သူက တည်ဆောက်နေသနည်းကို ကြည့်ရှုရန် လိုအပ်ပါသည်။ ကမ္ဘာကြီးသည် အတားအဆီးများမဟုတ်ဘဲ ပွင့်လင်းခြင်း၊ လွှမ်းမိုးမှုမဟုတ်ဘဲ တရားမျှတမှု၊ ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်ဘဲ စည်းလုံးညီညွတ်မှု စသည်တို့ လိုအပ်ပါသည်။ နိုင်ငံအားလုံးသည် နိုင်ငံကြီးငယ်မရွေး၊ အင်အားကြီးငယ်မဟူ၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ နိုင်ငံတကာအသိုက်အဝန်းတွင် တန်းတူညီတူသော အဖွဲ့ဝင်များဖြစ်သင့်သည်။

နိုင်ငံများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုကို ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းသင့်ပြီး မိမိနိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားနှင့် နိုင်ငံအသီးသီး၏ အကျိုးစီးပွားကို ပေါင်းစပ်ကာ တန်းတူညီတူ စည်းစနစ်ကျသော ဗဟုဝင်ရိုးကမ္ဘာကြီးနှင့် ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြုသော ပါဝင်ထိုက်သူအားလုံးပါဝင်သည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို အတူအဆိုပြုကြပြီး မောက်မာထောင်လွှားသော လွှမ်းမိုးရေးဝါဒ (Hegemonism)၊ အင်အားကြီးသူက အင်အားငယ်သူကိုအနိုင်ကျင့်သော တောရိုင်းဥပဒေသ (The Law of the Jungle) ကို ဆန့်ကျင်ကြရမည်ဖြစ်သည်။ ဤနည်းဖြင့်သာလျှင် ကျွန်တော်တို့သည် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီးပွားရေးစည်းစနစ်များကို ပိုမိုတရားမျှတပြီး ကျိုးကြောင်းဆီလျော်သော ဦးတည်ရာသို့ ခရီးဆက်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီရို ဂူတာရက်စ်က **"ကုန်သွယ်ရေးစစ်ပွဲရဲ့ သက်ရောက်မှုက အလွန်အပျက်သဘောဆောင်ပါတယ်။ ဘယ်သူမှ အနိုင်ရမှာ မဟုတ်ဘူး၊ အားလုံးက အရှုံးသမားဖြစ်လိမ့်မယ်"**လို့ ပြောကြားခဲ့ပါသည်။ အရေးကြီးသော အခိုက်အတန့်တွင် ဂျီနီဗာမြို့၌ တရုတ်-အမေရိကန်စီးပွားရေးနှင့် ကုန်သွယ်ရေး ဆွေးနွေးပွဲသည် သိသာထင်ရှားသော တိုးတက်မှု ရရှိခဲ့၍ အမေရိကန်သည် ၎င်း၏ တိုးကောက်သော အကောက်ခွန်ပေါင်း ၉၁ ရာခိုင်နှုန်းကို ပယ်ဖျက်ခဲ့ပြီး တရုတ်နိုင်ငံသည် လက်တုံ့ပြန်အကောက်ခွန် ၉၁ ရာခိုင်နှုန်းကို ရုပ်သိမ်းခဲ့သလို အမေရိကန်က အပြန်အလှန်အကောက်ခွန် ၂၄ ရာခိုင်နှုန်း အကောင်အထည်ဖော်မှုကို ဆိုင်းငံ့ထားပြီး တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်အကောက်ခွန် ၂၄ ရာခိုင်နှုန်း အကောင်အထည်ဖော်မှုကို ဆိုင်းငံ့ထားပါသည်။

ဆွေးနွေးပွဲ၏ ပူးတွဲကြေညာချက်ထုတ်ပြန်ပြီးနောက် ကမ္ဘာ့ဈေးကွက်များသည် ယေဘုယျအားဖြင့် တိုးတက်မှုရှိနေပြီး နိုင်ငံအများအပြား၏ စတော့ဈေးကွက်များသည် "အပြန်အလှန်အခွန်ကောက်ခြင်း"ကို အကောင်အထည်မဖော်မီအဆင့်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ ယင်းသည် သင်၏ကိုယ်ပိုင်တံခါးကို ပိတ်ခြင်းသည် သင့်အား ပိုမိုအားကောင်းစေမည် မဟုတ်ကြောင်း၊ အခြားသူများ၏ လမ်းကြောင်းများကို ပိတ်ဆို့ခြင်းသည် သင့်အား ပိုမိုတိုးတက်စေမည်မဟုတ်ကြောင်း၊ အကောက်ခွန်စစ်ပွဲများနှင့် ကုန်သွယ်ရေးစစ်ပွဲများသည် လူကြိုက်များခြင်းမရှိကြောင်းကို တစ်ဖန်ရှင်းလင်းစွာ ပြသနေပါသည်။

တရုတ်-အမေရိကန် ဂျီနီဗာစီးပွားရေးနှင့် ကုန်သွယ်ရေး တွေ့ဆုံဆွေးနွေးပွဲသည် တန်းတူညီမျှ ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် မတူညီမှုများကို ဖြေရှင်းရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို လှမ်းခဲ့သော်လည်း ပြဿနာ၏အရင်းအမြစ်ကို ဖြေရှင်းရန် အမေရိကန်ပြည်ထောင်စုသည် တစ်ဖက်သတ် အကောက်ခွန်တိုးမြှင့်ခြင်းဆိုင်ရာ မှားယွင်းသောလုပ်ဆောင်မှုကို အသေအချာပြုပြင်ရန်လိုအပ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ မျှတသော ထောက်ခံမှုလည်း လိုအပ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးမှ ပြည်သူများသည် သမိုင်း၏ အမှန်တရားဘက်နှင့် တရားမျှတသောဘက်တွင်သာ ရပ်တည်ရန် ရွေးချယ်ကြမည်ဟု ကျွန်တော်တို့ အခိုင်အမာယုံကြည်ပါသည်။

ယခုနှစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့် နှစ်ပတ်လည်ဖြစ်သည်။ နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှု၊ အားလုံးပါဝင်မှု၊ မျှဝေအနာဂတ်၊ အေးအတူပူအမျှဆိုသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအယူအဆကို ဆက်လက်ကိုင်စွဲထားပြီး မြန်မာနိုင်ငံနှင့် သာအတူနာအတူ၊ အပြန်အလှန်ဖေးမကူညီကာ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ပူးပေါင်းထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။ ထို့ပြင် တစ်ဖက်သတ်ဝါဒနှင့် ကုန်သွယ်ရေးအနိုင်ကျင့်မှုများကို အတူတကွ တွန်းလှန်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်မှုနှင့် ပါဝင်ထိုက်သူအားလုံးပါဝင်နိုင်မှုတို့ကို ဖန်တီးရန် အတူတကွ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ။

*(ဆောင်းပါးပါ ဖော်ပြချက်များသည် ဆောင်းပါးရှင်၏ အာဘော်များသာ ဖြစ်ပါသည်။)*

## မိုင်းဖြတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဖွင့်



**မိုင်းဖြတ် ဇွန် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက နိုင်ငံတော်အစိုးရအနေဖြင့် မြို့နေလူထုနှင့် ကျေးရွာနေပြည်သူများ၏ လူနေမှုအဆင့်အတန်းကွာဟမှုမရှိစေရေး၊ လူမှုစီးပွားဘဝမြင့်မားစေရေးတို့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေကြောင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးထွန်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကာ သင်တန်းကို လက်တွေ့ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းကို ဇွန် ၅ ရက်မှ ၁၉ ရက်အထိ လက်တွေ့သင်ကြားပေးမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေကို (မိုင်းဖြတ်)**


အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ သင်တန်းဆင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


ဟိုပုံးတပ်နယ်နှင့် ဗထူးတပ်နယ်တို့ရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၆**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၁) သင်တန်း ဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။


ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၁၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲကျင်းပစဉ်။


အမှတ်(၁၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကျင်းပစဉ်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၁) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁/၂၀၂၅) သင်တန်းဆင်းပွဲနှင့် ကတိသစ္စာခံယူပွဲအခမ်းအနား တက်ရောက်ချီးမြှင့်စဉ်။










စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံတော်မှာ ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာစောင့်ထိန်းတဲ့အနေနဲ့ ကျွန်တော်ဒီစစ်မှုထမ်းသင်တန်းကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ *စာမျက်နှာ ၁၃ သို့*

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲ ကျင်းပ



ရန်ကုန် ဇွန် ၆

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူဒေသရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးမင်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းအုပ်ကြီးအား သင်တန်းသားတပ်ခွဲများက အလေးပြုကြပြီး နိုင်ငံတော်အလံကို အလေးပြုကြကာ သင်တန်းသားများက ကတိသစ္စာပြုကာ ကျမ်းသစ္စာဆိုကြပြီးနောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

ထို့နောက် စံပြတပ်သားဆု၊ ကျင့်ဝတ်ဆု ဖြ၀၊ လက်ဖြောင့်တပ်သားဆု၊ စစ်မြေပြင်မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်ပွဲ အကောင်းဆုံးဆုနှင့် အိပ်ဆောင်အလိုက် အကောင်းဆုံးဆုရရှိသူများကို ကျောင်းအုပ်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ၅၀၀ ဆံ့ အားကစားခန်းမ၌ သင်တန်းသားများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး သင်တန်းဆင်းတပ်ခွဲများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၄၁၄ ဦးအား ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်မှုဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ ပတ်ကြာ သင်ကြားပို့ချသွားခဲ့ကြောင်း သိရသည်။

**ခွဲထက်ကို(မြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁၁) ထိ ရောက်လာခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် အများကြီး အကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်။ ရှေ့မှာလည်း သင်တန်းဆင်းသွားတဲ့ နောင်တော်တွေက အမှတ်စဉ် (၁၀) ထိ ရှိသွားခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် ကျွန်တော်တို့ အကောင်းဆုံး တာဝန်ကျေအောင် ထမ်းဆောင်သွားပါမယ်လို့ ကတိပြုပါတယ်။

၂။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ခံယူချက်က ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားပြီဖြစ်တဲ့အတွက်ကြောင့် နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာ ဆောင်ရွက်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ကျွန်တော် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို ကျွန်တော်တို့ တတ်မြောက်သွားပြီဖြစ်တဲ့အတွက်ကြောင့် ယခင်အမြဲတမ်း တာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တော်တွေ ညီတော်အစ်ကိုတော်တွေနဲ့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းတွေ အတူတကွ လက်တွဲဆောင်ရွက်သွားဖို့လည်း ရည်ရွက်ချက်ရှိပါတယ်။

၃။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အဖျက်အမှောင့်သမားတွေရဲ့ ရန်ကနေ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို တစ်ဖက်တစ်လမ်းက နေ ကာကွယ်ပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြည်သူ့သားကောင်း တစ်ယောက်အနေနဲ့ မိမိကိုယ်ကို ဂုဏ်ယူချင်လို့ပါ။ တာဝန်ကျမယ့် တပ်ရင်းတပ်ဖွဲ့ကိုရောက်တဲ့အခါ ကျွန်တော့်တိုင်းပြည်၊ ကျွန်တော့်လူမျိုးအတွက် ကျွန်တော့်အသက်နဲ့ ခန္ဓာကိုယ်ကို ပေးဆပ်ပြီးတော့ တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်။ ဘယ်လိုနေရာမျိုးမှာပဲ တာဝန်ကျကျ၊ ဘယ်လိုနေရာမျိုးကိုပဲ သွားရသွားရ ကျွန်တော်သွားမှာပါ။ တာဝန်ထမ်းဆောင်ရမယ့် ကာလနှစ်နှစ်ကိုလည်း ကျွန်တော်ပြီးမြောက်အောင် ထမ်းဆောင်သွားမှာပါ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၁)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**













နယ်မြေခံစစ်သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပစဉ်။

# မော်လမြိုင်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ တက္ကသိုလ် ၁၀ မြို့နယ်ဆောင်အနီး၌ ကျင်းပသည်။

ဦးစွာ သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျေးရွာသုံး ထင်းစိုက်ခင်းတစ်ရွာ နှစ်ဧက မန်ကျန်ရှား စိုက်ပျိုးခဲ့သည့် အပင်များ၏ ရှင်သန်အောင်မြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ က အောင်မြင်ဖြစ်ထွန်းနေသော အပင်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးရာသီ စိုက်ပျိုးမည့်အပင်များကို စိုက်ပျိုးကြပြီး ပြည်နယ် ဝန်ကြီးချုပ်က သစ်မာအမျိုးအစားများဖြစ်သော ကျွန်း၊ သက်န်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မဟော်ဂနီ၊ မန်ကျန်ရှား၊ စိန်ပန်း၊ မယ်ဇယ် စသည့်သစ်ပင်အမျိုး အစားများကို တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက သစ်ပင်စိုက်ပျိုး နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကျိုက်မရောမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျိုက်မရော ဇွန် ၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ရေတွင်းကုန်းကျေးရွာအုပ်စု မဟာမြိုင်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဝင်း၌ ကျင်းပသည်။



ဦးစွာ ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းတို့က သစ်ပင်စိုက်ပျိုးမည့် တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာကြသူများက စုစုပေါင်း ပျိုးပင် ၇၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

## မိုးညှင်းမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုးညှင်း ဇွန် ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ ရက်က စုပေါင်းရုံးအနီး ကွင်းပြင်၌ ကျင်းပသည်။

အဆိုပါ စိုက်ပျိုးပွဲတွင် အမြင့်နှစ်ပေ အထက်ရှိသော အရိပ်ရနှစ်ရှည် အပင်များဖြစ်သည့် ခရေ ၅၄၀၊ ကံ့ကော် ၅၃၀၊ ပျဉ်းမ ၁၃၀၊ ပိတောက် ၁၀၀၊ ကျွန်း ၃၀၊ ယမနေ ၃၀၊ မျောက်ငို ၃၀၊ ပျဉ်းကတိုး ၃၀၊ မန်ကျည်းရှား ၅၀ နှင့် မဟော်ဂနီ ၃၀ စုစုပေါင်း ပျိုးပင် ၁၅၀၀ တို့ကို တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်ကိုကိုဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း



*နိုင်ငံတကာသတင်း*

# အစ္စရေးဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းတို့အား ဖမ်းဝရမ်းထုတ်ခဲ့သည့် အိုင်စီစီတရားသူကြီးလေးဦးကို ဒဏ်ခတ်ပိတ်ဆို့



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယို။

**ဝါရှင်တန်ဒီစီ ဇွန် ၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က နိုင်ငံတကာရာဇဝတ်ခုံရုံး(အိုင်စီစီ)မှ တရားသူကြီးလေးဦးအား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခများနှင့် ပတ်သက်ပြီး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ယော့ဗ်ဂဲလန့်တို့ကို အိုင်စီစီက ဖမ်းဝရမ်း ထုတ်ဆင့်ထားသည်။ အမေရိကန်နှင့် မဟာမိတ် အစ္စရေးကို ပစ်မှတ်ထားသည့် အိုင်စီစီ၏ တရားမဝင်၊ အခြေအမြစ်မရှိသော လုပ်ရပ်များတွင် ၎င်းတို့လေးဦး ပါဝင်ခဲ့သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုက ဇွန် ၅ ရက်က ထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားသည်။

နေတန်ယာဟုနှင့် ဂဲလန့်တို့ကို ပစ်မှတ်ထားသည့် အိုင်စီစီ၏ ဝရမ်းထုတ်ပေးမှုကို တရားသူကြီးနှစ်ဦးက ခွင့်ပြုရန် ဆုံးဖြတ်ကြောင်း၊ အိုင်စီစီ၏ နိုင်ငံရေးသြဇာ လွှမ်းမိုးခြင်းနှင့် အာဏာအလွဲသုံးစားမှုများသည် အမေရိကန်နှင့် အစ္စရေးတို့၏ အချုပ်အခြာ အာဏာနှင့် အမျိုးသားလုံခြုံရေးတို့ကို ချိုးဖောက်ခြင်းလည်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ဤသို့သောစွပ်စွဲချက်များကို တုံ့ပြန်သည့် အနေဖြင့် အိုင်စီစီက အမေရိကန်ပြည်ထောင်စုမှ ကြေညာခဲ့သော တရားသူကြီး လေးဦးအား ဒဏ်ခတ်အရေးယူမှုများကို ကန့်ကွက်ကြောင်းနှင့် ဤကဲ့သို့သော အရေးယူမှုများသည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်း၏ လွတ်လပ်မှုကို ထိပါးရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

## အာဖဂန်နေရပ်ပြန်များနှင့် ဒုက္ခသည်မိသားစုများအားကူညီရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ကဘူးလ် ဇွန် ၆**

အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနသည် နေရပ်သို့ ပြန်ရောက်လာသူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူ မိသားစုများအား ကူညီထောက်ပံ့ရန် ဦးဆောင်အေဂျင်စီများနှင့် နားလည်မှုစာချွန်လွှာ လေးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဝန်ကြီးဌာနက ဇွန် ၅ ရက်တွင် ထုတ်ပြန်သည်။

စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့်တန်ဖိုးရှိ အဆိုပါ သဘောတူညီချက်များသည် နေရပ်ပြန်အာဖဂန် ၁၈၃၆၀ နှင့် ပြည်တွင်းနေရပ်စွန့်ခွာ မိသားစု ၃၆၆၅ ဦးတို့ကို အကျိုးပြုမည်ဖြစ်သည်။

နားလည်မှုစာချွန်လွှာများအရ အကူအညီပေးရေးအေဂျင်စီများသည် ငွေသားအကူအညီ၊ အစားအသောက်နှင့် ပညာရေးဆိုင်ရာ အထောက်အပံ့များ ဖြန့်ဝေပေးမှုများနှင့်အတူ ဘက်ဂျစ်ပြည်နယ် အနောက်ပိုင်း၊ ဟီရတ်၊ ဖာရာ့ချ်၊ ဘာ့ခ်မြောက်ပိုင်းနှင့် နန်ဂါဟာ အရှေ့ပိုင်းပြည်နယ်တို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည် ဖြစ်သည်။

မေလကလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်နယ်ရှစ်ခုရှိ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်ရန် အကူအညီပေးရေး အေဂျင်စီငါးခုနှင့် ဒေါ်လာ ၂ ဒသမ ၅ သန်းတန်ဖိုးရှိ နားလည်မှုစာချွန်လွှာ ငါးခုကို လက်မှတ်ရေးထိုးခဲ့သည်။ အာဖဂန်ကြားဖြတ်အစိုးရက လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံသို့ ပထမငါးလအတွင်း နိုင်ငံတကာခရီးသွား ၉ ဒသမ ၂ သန်း ဝင်ရောက်

**ဟန်နွိုင်း ဇွန် ၆**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်ငါးလအတွင်း နိုင်ငံတကာမှ ခရီးသွား ၉ ဒသမ ၂ သန်း လာရောက်ခဲ့သည်ဟု အမျိုးသားစာရင်းအင်းရုံးက ဇွန် ၆ ရက်တွင်ဖော်ပြထားသည်။ ယင်းပမာဏသည် ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၁ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။

လေကြောင်းမှ လာရောက်လည်ပတ်သူ ၇ ဒသမ ၈၄ သန်းရှိပြီး ကုန်းကြောင်းဖြင့်လာရောက်သူ ၁ ဒသမ ၁၈ သန်းရှိကာ ရေကြောင်းမှ လာရောက်သူ ၁၇၅၄၀၀ ရှိသည်ဟု သိရသည်။ ဥရောပမှ လာရောက်လည်ပတ်သူ ၁ ဒသမ ၂ သန်း ရှိပြီး အမေရိကန်မှ ခရီးသည် ၄၉၆၉၀၀ လာရောက်သည်ဟု သိရသည်။

ဆင်ဟွာ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားနှင့် စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲတက်ရောက်၊ ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၆**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာ လမ်းဘေး စိမ်းလန်းမြေနေရာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနကြီးမှူးများနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပိတောက်ပင်ကို စတင်စိုက်ပျိုးပေးပြီး နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ပိတောက်၊ ခရေ၊ စိန်ပန်း၊ ပျဉ်းမ၊ တမာ၊ ဒန့်သလွန်၊ မန်ကျည်း အစရှိသည့် ပျိုးပင် ၁၀၅၄ ပင်ကို အမျိုးသားလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာ၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများရှိခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပြန်လည်ပြုပြင်နေမှုနှင့် ရန်အောင်မြင်ဆည် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် အသေးစားနှင့် အလတ်စား စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးရှေ့၌ ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တက်ရောက်၍ ခရေပင်ကို ဦးစွာစိုက်ပျိုးပေးပြီ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများက တမာ၊ ပိတောက်၊ ခရေ၊ အောင်သပြေနှင့် သရက် အစရှိသည့် ပျိုးပင်စုစုပေါင်း ၅၀၀ ကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဒက္ခိဏသီရိမြို့နယ် အသေးစားနှင့်အလတ်စား စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပသည့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားကြပြီး တာဝန်ရှိသူများက စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းဆွေးနွေးကြသည်။



ဆွေးနွေးပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေ MSME ထုတ်ကုန်များနှင့် ဒက္ခိဏသီရိစက်မှုဇုန်ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ အောင်ချမ်းသာရပ်ကွက် စစ်ကိုင်းဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ထားမှုနှင့် ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၊ ပိုးတန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်နှင့် အမှတ်(၁)နှင့် အမှတ်(၂) ထူပါရုံကျောက်စာတိုက် အဆောက်အအုံတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှုနှင့် ယာယီစာသင်ဆောင်များ ပြန်လည်ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ စစ်ကိုင်းတောင်ရိုး ပိတောင်ချောင်ကျောင်းတိုက်၊ ထွင်္ဍခေါင်ရပ်ကွက် မိုးညှင်းကျောင်းတိုက်၊ သောတပန်ရပ်ကွက် သီတဂူ ဗုဒ္ဓတက္ကသိုလ် ပရိဝုဏ်အတွင်းနှင့် သကျဓိတာ သီလရှင်စာသင်တိုက်တို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှု၊ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုနှင့် စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုများကို ကြည့်ရှုအားပေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့် အချိုရည်များပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ မဟာအောင်မြေအနောက်ရပ်ကွက်နှင့် ရဲမွန်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများရှိ ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက်ရှင်းလင်းရေး ဆောင်ရွက်နေမှု၊ ဖြိုချပြီး အပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုများ၊ အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသက်ကျရုံသီ ကျောက်တော်ကြီး မြတ်စွာဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုနှင့် အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ရှိ ဗေါင်းတော်ရ ဆုတောင်းပြည့် မြတ်စွာဘုရား၊ ရေနားပရိယတ္တိ စာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အပျက်အစီးများအား တပ်မတော်သားများက ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ငှက္ကတောင်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ရွှေတောင်ထီးစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီကျောက်တုံးကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများ သယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန် ဆိုင်းကြိုးတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ ပင်မဓာတ်အားခွဲရုံ(ဘယ်လင်း)ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်စေရေးအခြေအနေများနှင့် ရှမ်းကန်မြောက်ကျေးရွာရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပခုက္ကူမြို့နယ်အတွင်း အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ ထပ်မံတွေ့ရှိသဖြင့် ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဇွန် ၆**

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့် ဖြစ်စေရန်၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများ ဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိရာ ဇွန် ၁ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မှ ပေါက်မြို့သို့သွားသည့် အများပြည်သူသုံးလမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ယနေ့တွင်လည်း ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူသုံးလမ်းများပေါ်၌ လက်လုပ်မိုင်းများ တွေ့ရှိကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ကျေးရွာနှင့် ကမ္မမြို့အကြား ကားလမ်းမဘေးဘယ်ညာတစ်လျှောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများ ဖြစ်သည့် ကျောက်စည်မိုင်း၊ သံပိုက်မိုင်း၊ ပီပါမိုင်း၊ သံပုံးမိုင်း၊ ငါးဂါလန်ရေပုံးမိုင်း၊ နင်းမိုင်း၊ မြေအိုးမိုင်း၊ ရေသန့်ဘူးကြီးမိုင်းနှင့် ကျောက်ပုံးမိုင်း၊ စုစုပေါင်း မိုင်း ၂၂ လုံးတို့ကို ထပ်မံဖော်ထုတ် တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများ လက်လုပ်မိုင်းများထောင်ထားသည့် တည်နေရာပြပုံ




ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများအား တွေ့ရှိရစဉ်။























# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ကိုးဦး သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားရှစ်ဦးနှင့် ကွန်ဂိုနိုင်ငံသားတစ်ဦး စုစုပေါင်း ကိုးဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Assistance to Nationals Officer Mr. James Kevin B. Casalme နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကွန်ဂိုသမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Teardkiet Chinso–ranant နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၀၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နည်းပညာတက္ကသိုလ်(တောင်ငူ)၌ သင်တန်းများ စတင်ဖွင့်လှစ်

**တောင်ငူ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ နည်းပညာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက်တို့အတွက် ကျောင်းသား ကျောင်းသူများ၏ ပုံမှန်သင်တန်းများကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းများတွင် ဘွဲ့ကြိုတန်း ပထမနှစ်မှ ဆဋ္ဌမနှစ်အထိ ဘွဲ့လွန်တန်းမြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူ ၂၈၄ ဦး၊ အီလက်ထရောနစ်အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူ ၁၁၉ ဦး၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူ ၁၅၃ ဦး၊ စက်မှုအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူ ၁၆၁ ဦး၊ မက္ကာထရောနစ်အင်ဂျင်နီယာကျောင်းသား ကျောင်းသူ ၆၂ ဦးနှင့် သုတနည်းပညာ အင်ဂျင်နီယာသင်တန်း ကျောင်းသား ကျောင်းသူ ၆၈ ဦး စုစုပေါင်း ၈၄၇ ဦးက အင်ဂျင်နီယာနှင့် နည်းပညာပညာရပ်များကို အေးချမ်းပျော်ရွှင်စွာ သင်ကြားလျက်ရှိကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

**ပွင့်ဖြူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကျောင်းနေအရွယ် ကလေးများအားလုံး စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရန်အတွက် အခြေခံပညာစာသင်ကျောင်းများအားလုံး ဇွန် ၂ ရက်နေ့ကစတင်ပြီး ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၂၄၉၇၃ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်းအပါအဝင် အခြေခံပညာ စာသင်ကျောင်းပေါင်း ၁၆၉ ကျောင်းရှိပြီး ယနေ့အထိ ကျောင်းတက်ရောက်မှုအနေဖြင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၆၆၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၁၀၆ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂၀၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄၉၇၃ ဦးတို့သည် သက်ဆိုင်ရာကျောင်းများ၌ စိတ်အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ကျေးသီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

**ကျေးသီး ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှစတင်ပြီး ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ကျေးသီးမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း ၇၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၄ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းငါးကျောင်း စုစုပေါင်း ၉၆ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၅၅၆ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **စိုင်းငင်း (ပြန်/ဆက်)**




## ကျောက်ဖြူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားပြုလုပ်

**ကျောက်ဖြူ ဇွန် ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက အစိုးရရပ်ကွက်ရှိ ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းသူက အမှာစကား ပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့ထားသည့် သဝဏ်လွှာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Video Click တို့ကို အခမ်းအနားတက်ရောက်လာသူများအား ဖွင့်လှစ်ပြသသည်။ ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အခြေခံပညာကျောင်းများမှ အလယ်အဆင့်နှင့် အထက်တန်းအဆင့်တို့မှ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **တင်ထွန်းဦး (ပြန်ဆက်)**



## မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက် ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်မှ ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်

**နေပြည်တော် ဇွန် ၆**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ် အတွင်းရှိ နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတားသည် မေ ၃၁ ရက်တွင် မေခမြစ်ရေ အဆမတန် မြင့်တက်ကာ မြစ်အတွင်း မျောပါသွားခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး အဆိုပါဒေသရှိ ရေဘေးသင့်ပြည်သူများ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပျက်စီးခဲ့သည့် ကြိုးတံတားအား ဌာနဆိုင်ရာ တာဝန်ရှိသူများက









အမြန်ဆုံး ပြန်လည်ဆောက်လုပ်ခဲ့ရာ ဇွန် ၄ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့မှုနှင့် နောင်မွန်းမြို့နယ် အတွင်းရှိရေဘေးသင့်ပြည်သူများ အတွက် မော်တော်ယာဉ်များဖြင့် စားသောက်ဖွယ်ရာများသွားရောက်ပို့ဆောင်လျက်ရှိသည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့တွင် အဆိုပါ နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် တလာထုကျေးရွာ၊ ပန်နန်းဒင်ကျေးရွာနှင့် ရီဒမ်းကျေးရွာတို့ရှိ ဒေသခံပြည်သူ ၂၅၉ ဦးတို့အား တပ်မတော်မှ ထောက်ပံ့ပေးအပ်သည့် ဆန် ၁၁၅ အိတ်၊ ဆီ ၁၇၅ ပိဿာ၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၃၈၈ ပိဿာ၊ ဆေးဝါးများနှင့် အခြားစားသောက်ဖွယ်ရာများကို နယ်မြေခံ တပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများသို့ သွားရောက်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၆**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကိုကိုနိုင် (၄)လမ်း ကံ့ကော်မြိုင်ရပ်ကွက် မြောင်းမြမြို့ ရောဝတီတိုင်းဒေသကြီးနေသူက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နေ မ---/၂၀/၂၀၂၅ နှစ်အား စီးပွားရေးအဆင်မပြေပါက တရုတ်ယောက်ျားယူရမည်၊ ငွေကျပ်သိန်း ၅၀ ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ ကြိုတင်ငွေကျပ် ခြောက်သိန်းပေးခဲ့ပြီး မြောင်းမြ-ရန်ကုန်-မူဆယ်သို့ ခရီးသည်တင်ယာဉ်ဖြင့် အဆင့်ဆင့် ခေါ်ဆောင်သွားခဲ့ကာ ပွဲစားတစ်ဦးနှင့် ချိတ်ဆက်ပေးခဲ့သည်။

အဆိုပါ ပွဲစားက ၎င်းအား တရုတ်နိုင်ငံ ရွှေလီမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး တရုတ်အမျိုးသား ချန်ရှောက်ထောင်ထံ ပို့ဆောင်ပေးခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

မဟာအောင်မြေ ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်တွင် တရားခံ တရုတ်နိုင်ငံသား ချန်ရှောက်ထောင်(CHEN XIAO YAO) အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ကိုကိုနိုင်အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်းပြုလုပ်သူများ ဖမ်းဆီးရမိ

**ကျိုင်းတုံ ဇွန် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်း ပြုလုပ်နေသူ ခြောက်ဦးအား ဇွန် ၃ ရက် နံနက် ၁၀ နာရီခန့်က အမှတ်(၁)ရပ်ကွက် ယန်းခမ်းအထက်ရွာရှိ KPL Computer သင်တန်းနှင့် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဆွန်ကျေးရွာ၌ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး မောင်မောင်အေး ကြီးကြပ်ကွပ်ကဲမှုဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူး ဝင်းကိုကို ဦးစီးအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် သက်သေများပါဝင်သော ပူးပေါင်းတပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ် အမှတ်(၁)ရပ်ကွက် ယန်းခမ်းအထက်ရွာရှိ KPL Computer သင်တန်းဖွင့်လှစ်ထားသည့်နေရာတွင် တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်း ဦးဆောင်ပြုလုပ်သူ ကျော်ဇင်လတ်နှင့် အတူ အားယာ၊ ဟိန်းမိုးဇော်နှင့် မအေးသီတာတို့အား ဖမ်းဆီးရမိခဲ့၍ ၎င်းတို့အားစစ်ဆေးရာ ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဆွန်ကျေးရွာ၌ နေရာခွဲ၍ အွန်လိုင်းလောင်းကစားပြုလုပ်နေသော မမေမြတ်သွယ်နှင့် မအေးချမ်းမိုးတို့အား ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်း ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် Kpay/ Wavepay အကောင့်များအတွင်းမှ ငွေကျပ်သိန်း ၃၅၀ ကျော်အား သိမ်းဆည်းရမိသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေး

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီခွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လက်ကမ်းစာစောင်များဝေ**

အဆိုပါ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) ဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၈၁ ဦး တက်ရောက်ကြကြောင်းနှင့် အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။



JJJ

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မြဝတီ ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက်တွင် မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်အားပြသပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မော်ဘီမြို့နယ် အထက(သနွှေပင်) ကျောင်း၌ ဂန္ဓမာဆောင် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**မော်ဘီ ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော မော်ဘီမြို့နယ် အထက (သနွှေပင်) ကျောင်း၌ ဂန္ဓမာဆောင် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အထက (သနွှေပင်) ကျောင်း၌ ကျင်းပသည်။



ဦးစွာ မော်ဘီမြို့နယ် တာဝန်ခံပညာရေးမှူး ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး သနွှေပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အေးက အမှာစကားပြောကြားကာ အထက (သနွှေပင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမြာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ကို မြို့နယ်တာဝန်ခံ ပညာရေးမှူး၊ သနွှေပင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထက(သနွှေပင်) ကျောင်းအုပ် ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကျောင်းဆောင်မှာ ပေ (၁၂၀ x ၃၀) အာရ်စီစီ တစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေ ကျပ် သိန်း ၁၉၇ ဒသမ ၅၀၅၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မော်ဘီ)**

## ငပုတောမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငပုတော ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ငပုတောမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့သည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် သစ်တောဦးစီးဌာန ဦးစီးအရာရှိက တက်ရောက်လာသူများထံ ပျိုးပင်များပေးအပ်၍ တာဝန်ရှိသူများနှင့်အတူ စုပေါင်းစိုက်ပျိုးသည်။

**မြို့နယ် (ပြန်/ဆက်)**



## ပဲခူးမြို့၌ စာကြည့်တိုက်ပညာသင်တန်း(၁ / ၂၀၂၅) ဖွင့်

**ပဲခူး ဇွန် ၆**

စာကြည့်တိုက်လုပ်ငန်းများ ကျွမ်းကျင်ပြီး စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စာကြည့်တိုက် ပညာသင်တန်း(၁/၂၀၂၅) ကို ယမန်နေ့က ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ သင်တန်းတွင် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်း၊ စာကြည့်တိုက်များ ပုံမှန်စစ်ဆေးခြင်းလုပ်ငန်း၊ စာအုပ်များ လေလွင့်ပြုန်းတီးမှု မဖြစ်စေရန် လိုက်နာရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စာကြည့်တိုက်မှူး၏ အရည်အချင်းများနှင့် စာကြည့်တိုက်ဝန်ထမ်းများထားရှိရမည့် ခံယူချက်၊ ယုံကြည်ချက် ဆောင်ရွက်ချက်များနှင့် DLMS စာရင်းရေးသွင်းနည်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး အဆိုပါ စာကြည့်တိုက် ပညာသင်တန်းကို ဇွန် ၅ ရက်မှ ၆ ရက်အထိ သုံးရက် ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ကာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်း ၁၅ ဦး သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

## လှိုင်ကော်မြို့နယ်၌ စက်လှေမောင်းသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၆**

ရေကြီး၊ ရေလျှံမှုများတွင် အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကယားပြည်နယ် လွိုင်ကော်မြို့နယ်မီးသတ်စခန်းက စက်လှေမောင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ဇွန် ၅ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သနွှေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦး တက်ရောက်ကြပြီး သင်တန်း၌ စက်လှေမောင်းနှင်ခြင်းကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ညီထွေးဦး**



## ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့စရိတ်နှင့် စာရေးကိရိယာများပေးအပ်



**ပခုက္ကူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အမှာစကား ပြောကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ဝန်ထမ်းသားသမီး ၃၁ ဦးတို့အား ပညာသင်ထောက်ပံ့စရိတ် ငွေကျပ် ၁၀၂၅၀၀၀ နှင့် ဗလာစာအုပ် ၃၁ ဒါဇင်၊ ဘောပင် ၄၄ ဒါဇင်၊ ခဲတံ ၂၂ ဒါဇင်ကို ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၃

ဦးမောင်မြင့် နှင့် ဦးတင်မောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (ညည-၅၈)၊ ဦးပိုင်အမှတ် - ၂၃၊ ၁၁၉x၁၂၀ လမ်းကြား ၅၂x၅၃ လမ်းကြား သင်ပန်းကုန်းရပ်ကွက်နေ ဦးတင်မောင် (ဘ) ဦးတင်ညွန့် သိစေရမည်။

တရားပြိုင် ဦးတင်မောင် သင့်အပေါ်၌တရားလိုဦးမောင်မြင့်က ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၆)၊ ဦးပိုင်အမှတ် (၉)၊ ဧရိယာ (၀.၀၅၅၁)ဧကရှိ ဦးတင်မောင် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ.တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၆၊ ဦးပိုင်အမှတ် ၂၉ ခဲစင်းရှေ့ခြမ်း၊ ၁၀၉ A လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်း ၉/နထက (နိုင်) ၀၀၆၆၀၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဇဇ-၄၊ ဦးပိုင်အမှတ် ၆၃၊ ၅၆ B လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ဆင်းချင် ၁၃/ကလတ(နိုင်) ၀၁၉၂၅၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အ-ထ-က(ခွဲ) (ကိုင်းတောကြီး) Grade-10 မှ မောင်ခွန်းဆက်မောင်၊ Grade-3 မှ မမြတ်သဒ္ဒါမိုးတို့၏ မိဘအမည်မှန်မှာ ဦးအောင်လင်း (၈/မဘန(နိုင်)၁၀၄၈၁၉) နှင့် ဒေါ်မြရွှေစင်(၈/မဘန (နိုင်) ၁၀၄၈၄၆) ဖြစ်ပါကြောင်း။

**ဦးအောင်လင်း-ဒေါ်မြရွှေစင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/5737 ၏ယာဉ်အမည်ပေါက်သူ ဦးဝင်းဇော်ဦး ၉/ကပတ (နိုင်) ၀၁၂၀၈၈၈ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 43W/98161, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မိုးကျော် ၁၄/ကခန(နိုင်) ၁၁၁၃၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 52W/5614, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင်ကျော် ၁၄/ဟသတ(နိုင်) ၂၇၅၇၁၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၃၂၊ ဦးပိုင်အမှတ် ၂၁-ခ၊ လမ်း ၃၀၊ ၉၁x၉၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ညွန့် ၉/မနတ(နိုင်)၀၄၈၃၆၆၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ် (၁၂၀၃၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်း ၅/ကဘလ(နိုင်)၀၅၁၉၀၄က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ဦးပိုင်အမှတ် ၁၃/၁-က/၇၈-က၊ ၃၅လမ်း၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (ညီမ) ဒေါ်ဖြိုးဝေကျော် ၅/တမန(နိုင်)၀၄၃၂၈၁မှ အစ်ကိုအရင်းဖြစ်သူ ဦးနေမျိုးကျော် အားပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ် ၁၃/၁-ဃ / ၇၈-က ၊ ၃၅x၃၆ ကြား၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (ညီမ) ဒေါ်ဖြိုးဝေကျော် ၅/တမန(နိုင်)၀၄၃၂၈၁မှ အစ်ကိုအရင်းဖြစ်သူ ဦးနေမျိုးကျော်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ရီ ၁၂/အလန(နိုင်)၀၃၆၃၇၄ သည် ဦးထွန်းထွန်း ၉/မမန(နိုင်) ၀၁၁၉၈၂ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င/၁၁)၊ မြေကွက်အမှတ်(၈၈)၊ (အလျား ၆၀ပေ x အနံ ၆၀ပေ)၊ ဧရိယာ(၀ဒသမ၀၈၂)ဧက၊ (၃၆၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိအကျိုးခံ စားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဒေါ်မြင့်မြင့်ရီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင် ဒေါ်သဲအိစံ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆) အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇)**
**တိုက်အမှတ်(၁၂၇)၊ အခန်းအမှတ်(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊**
**(၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(D)၊ ၁၅-လွှာ၊ အခန်းအမှတ် (၁၅-၀၇)၊ ဧရိယာ (၁၄၅၀) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်စန်းရီ ၇/ရတန(နိုင်)၀၀၃၇၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၈)**
**အမှတ်-၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၉၄)၊ ဦးပိုင်အမှတ် (၇၉၅/၁၄၆၈)၊ ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ တံခွန်တိုင်ဈေးတောင်ဘက်ရှိ ဦးအောင်သိန်း၊ ဒေါ်အမ အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးအောင်သိန်း၊ မိခင်ဒေါ်အမ၊ သားဦးကျော်ကျော်(လူပျို၁၀)တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး များဖြစ်ကြသော ဦးချစ်စောလွင် ၉/အမရ(နိုင်)၀၅၇၉၄၄၊ ဒေါ်တင်တင်မိုး ၉/အမရ(နိုင်)၀၅၈၄၉၄ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အငှားယာဉ်အမှတ် (5G-8535)Toyota Probox (Model -2008)
### မော်တော်ယာဉ်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ ၄-လမ်း၊ လိုင်း (၂၇)၊ အခန်း (H)၊ စက်ဆန်းမီးရထားဝင်းနေထိုင်သူ ဦးတင့်လွင် (၁၂/မဂတ(နိုင်)၀၃၉၃၈၂)သည် ကျွန်ုပ်မိတ်ဆွေဖြစ်ပြီး ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မော်တော်ယာဉ်ကို ကျွန်ုပ်မိတ်ဆွေမှ မူလပိုင်ရှင်ထံမှ ၂၀၂၂ ခုနှစ်တွင် ဝယ်ယူကာ ယနေ့တိုင် လက်ရှိထား သုံးစွဲနေသူဖြစ်ကာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သို့ တရားဝင် ဝင်ငွေခွန်များ ပေးသွင်းပြီး ပိုင်ရှင်အမည်ပေါက်စာအုပ်နှင့်လုပ်ငန်းလိုင်စင်တို့တွင်လည်း ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်နေသော မော်တော်ယာဉ် ဖြစ်ပါသည်။ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်၍ အခြားသူတစ်ဦးဦးမှ လာရောက်နှောင့်ယှက်တောင်းဆိုကန့်ကွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀/၁၀)**
**တိုက် (၉/၁၁)၊ အခန်း (၁၀၂/E)၊ ပထမထပ်၊ (၃၆) လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၄၃၀၅၃၃၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၇၅/၈၀)၊ တိုက်ခန်းအမှတ်(၄၄)၊ စတုတ္ထထပ်(၅)လွှာ၊ အကျယ်အဝန်း (၁၅x၆၀)ပေရှိ လူနေတိုက်ခန်းနှင့်ကိုယ်ပိုင်မီတာ ၊ ရေစက်မော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းညွန့် ၁၂/ ပဇတ(နိုင်)၀၂၈၄၀၂မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် (၃၁-၅-၂၀၂၅) ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန် ပေးကတိစာချုပ်ကို ချုပ်ဆိုပြီး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ များရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထားထားရီ၏ တရားဥပဒေဆိုင်ရာ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်ဖြူဖွေးသန့်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၀၄၀၁)**
**အမှတ်(၇၉)(စီ/ဒီ)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၁၅၀၇၄၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/9233 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန ၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/55312 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနန်းကြိုင် ၉/ညဥန(နိုင်) ၁၆၃၉၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/58907 Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းအောင် ၈/မတန(နိုင်)၀၄၇၅၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/မြောက်၊မြေကွက်အမှတ်-၈၄/က၊ ဧရိယာ(၂၀ပေx၆၀ပေ) မြေကွက်တည်နေရာ (၈၄/က)၊ မြို့မ(၁၄)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ဦးကျော်ဇံ (CI ၀၀၉၇၈၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ဇံ(ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၆၈၀၀/၂၀၁၀ (၂၇-၁၀-၂၀၁၁)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်စု(၁၂/သကတ(နိုင်)၁၂၉၀၄၁)မှ ပိုင်ဆိုင်စာချုပ်နှစ်(၆၀)ဂရန်မူရင်းမှာ အသိမ်းလွန်၍ အထားမှားပြီးပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် သာကေတမြို့နယ်၊ မြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူမှန်လျှောက်ထားလာခြင်းအား၊ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/80242, New Anbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုယုဝေ ၉/ပကခ(နိုင်)၀၂၅၇၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/29415, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/မမန(နိုင်) ၀၃၅၀၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/36498, Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/ပသန(နိုင်)၀၃၅၀၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၉၉၉၆၇, Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ထွန်း ၉/ပကခ(နိုင်)၀၅၄၂၅၁ မှ (ကမ-၃)+ဖောင်းကြွပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/17961, Honda C90 (H) DX ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွေး ၁၃/KME-၀၀၅၁၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/96743, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၈/ဆမန(နိုင်)၀၀၅၆၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၆/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 2R(LPT) /MPE-F4/2025-2026 | Boiler Feed Water Pump without Motor Complete Set | 1 Set. |
| ၂။ | 40R(LPT)/MPE- F5 / 2025-2026 | Level Control Valve (3101) | 1 No. |
| ၃။ | 44R(LPT) /MPE- HQ/2025-2026 | Meeting Table | 2 Sets |
| ၄။ | အဆိုပြုလွှာအမှတ်-1R/MPE- MANN/ 2025-2026 | Microprocessor Base Controller for AP/AI Compressor with software | 3 Nos. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၉.၆.၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄) (ယာယီရုံး)၊ ဘဏ္ဍာရေးဌာန (နေပြည်တော်) တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို တင်ဒါပိတ်သည့်နေ့ ၂၄.၆.၂၀၂၅ ရက်နေ့တွင် (၁၁:၀၀)နာရီ မှ (၁၂:၀၀) နာရီအတွင်း စီမံရေးဌာန ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
ဖုန်း-၀၉-၉၆၃၁၄၅၉၈၈,၀၉-၄၂၀၂၄၁၄၅၃,
၀၉-၄၀၁၅၄၆၇၇၀,၀၉-၂၆၄၉၉၂၂၀၉

## မြေငှားဂရန်/မြေပေးမိန့် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးမြတ်သူရ | ပုသိမ် | ရကအ(၃) | ၃၆/ဈေးချောင်းမြောက် | ၂၁-က/၂၂၄-ဖ-၂၊ ၂၅-က/၂ | ၀.၀၄၅ | ဦးပိုင်ခွဲ အမည်ပြောင်း |
| ၂ | ဦးသက်ပိုင်စိုး | ပုသိမ် | ရကအ(၃) | ၃၆/ဈေးချောင်းမြောက် | ၂၁-က/၁၂၄-ဖ/၃၊ ၂၅-က/၁ | ၀.၀၄၅ | ဦးပိုင်ခွဲ အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ် ၅၆၁၊ မြေကွက်တည်နေရာအမှတ် ၅၆၁၊ ကျွန်းရွှေဝါလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒေါ်အုန်းမြင့် ၁၂/ဗတထ(နိုင်)၀၁၆၁၇၁ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၅/၂၀၂၃ဖြင့် ဒေါ်သန္တာမြင့်နှင့် ဒေါ်တင်တင်ဦးတို့မှ(တရားလို) ပြု၍ ဒေါ်အုန်းမြင့်အပေါ်(တရားပြိုင်)ထားကာ မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ တရားလိုများတောင်းဆိုသည့် အတိုင်းစရိတ်နှင့်တကွ အနိုင်ဒီကရီချ မှတ်သည့် (၅-၆-၂၀၂၃)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၄၅/၂၀၂၃၏ ၂၇-၆-၂၀၂၃ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်းတို့အရ ချုပ်ဆိုသော အရောင်းအဝယ်စာချုပ်အမှတ် ၂၂၁၉/၂၀၂၄(၂၀-၃-၂၀၂၄)ဖြင့် ဒေါ်သန္တာမြင့် ၁၂/ဒဂန(နိုင်)၀၀၁၈၈၇၊ ဒေါ်တင်တင်ဦး ၁၂/ဒဂမ(နိုင်)၀၀၀၇၆၆တို့မှ ဝယ်ယူပြီး ဒေါ်တင်တင်ဦး ၁၂/ဒဂမ (နိုင်)၀၀၀၇၆၆မှ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ် ၅၀၅၁/၂၀၂၄(၂၀-၆-၂၀၂၄)ဖြင့် တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၅၆၂)နှင့် ကပ်လျက်ခြမ်းရှိ အကျယ်အဝန်း(၂၀ပေ x၆၀ပေ)အား ဒေါ်သန္တာမြင့် ၁၂/ဒဂန(နိုင်)၀၀၁၈၈၇သို့ စွန့်လွှတ်ပြီး အမှားပြင်စာချုပ်အမှတ် ၆၈၉၀/၂၀၂၄(၂၁-၈-၂၀၂၄)ဖြင့် အတိုင်းအတာ(၂၀ပေx ၆၁ပေ)ဟု ပြင်ဆင်ရန်၊ ဂရန်၊ နိုင်ကတ်၊ အရောင်းအဝယ်စာချုပ်၊ စွန့်လွှတ်စာချုပ်၊ တရားရုံးအမိန့်များတင်ပြ၍ ဒေါ်သန္တာမြင့်မှ(၁၁-၁၂-၂၀၂၄) ရက်စွဲပါစာနှင့်အတူ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

